တူဒေးစာအုပ်တိုက်

# Google

တည်ထောင်သူ

# လူငယ်နှစ်ဦး

ရဲမြင့် (စွန့်ဦးတီထွင်)



## ထုတ်ဝေသူအမှာ

ယခင်က ကွန်ပျူတာသုံးစွဲသူတွေဟာ လူနည်းစုသာဖြစ်ပေ မယ့် ယခုအချိန်မှာတော့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနဲ့တစ်ဝန်း အင်တာနက်ရဲ့ကြီးစိုးမှုကို ခံနေကြရပါတယ်။ Google ဆိုတဲ့ နာမည် ဟာလည်း အင်တာနက်သုံးစွဲသူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလာ ပါတယ်။ ဒါကြောင့် ဂူးဂဲတည်ထောင်သူတို့ရဲ့အကြောင်းကိုလည်း သိချင် နေကြမယ်၊ စိတ်ဝင်စားမယ်လို့ ယူဆမိပါတယ်။ ဂူးဂဲ ဖန်တီးသူ လာရီ နှင့် ဆာဂျီတို့ဟာ ကြီးကျယ်တဲ့ဂူးဂဲကုမ္ပဏီကြီးကို တည်ထောင်နိုင်ခဲ့ပြီး အင်တာနက်ခေတ်နဲ့ လျော်ညီတဲ့စီးပွားရေးပုံစံသစ်တစ်ခုကိုလည်း ဖော် ထုတ်နိုင်ခဲ့ကြပါတယ်။ Microsoft ဟာ ကွန်ပျူတာဆော့ဖ်ဝဲဈေးကွက် ကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။ သူတို့ဟာ ငယ်စဉ်ကတည်းက ကွန်ပျူတာ ကို စိတ်ဝင်စားခဲ့ပြီး ယခုအခါမှာ အင်တာနက်လောကကြီးကို စွမ်း ဆောင်နိုင်တဲ့စွမ်းဆောင်ရှင်တွေလို့ဆိုရင် မမှားပါဘူး။ နောက်ပြီး သူတို့ ဟာ သမားရိုးကျမဟုတ်တဲ့ စိတ်ကူးတွေကို လက်တွေ့စမ်းသပ်ခဲ့ကြသလို အုပ်ချုပ်မှုပုံစံကလည်း သမားရိုးကျနဲ့ ဆန့်ကျင်နေတာကို တွေ့ရပါ တယ်။ သူတို့ရဲ့ ထူးခြားတဲ့အတွေးအခေါ် အသိအမြင်ယူဆချက်တွေ ဟာ အများနဲ့ မတူဘဲ ကွဲပြားခြားနားတဲ့အမြင် ရှိသူတွေဖြစ်တာကြောင့် သူတို့ရဲ့ဖန်တီးမှုတွေကို လူကြိုက်များလာတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာရဲမြင့် (စွန့်ဦးတီထွင်) က စီလီကွန်တောင်ကြား (Silicon Valley) ရှိ နည်းပညာကုမ္ပဏီတွေအကြောင်း နှစ်ပေါင်း ၂၀ ခန့် လေ့လာရေး သားခဲ့တဲ့စာရေးဆရာ Richard L. Brandt ရဲ The Google Guys စာအုပ် ကို

ဘာသာပြန်ဆိုထားပါတယ်။ ဂူးဂဲတည်ထောင် သူတို့ရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ဖော်ပြထားတာကြောင့် ဂူးဂဲကို ချစ်မြတ်နိုးသူ ပရိသတ် အတွက် အလွယ်တကူဖတ်ရှုနိုင်ဖို့ ထုတ်ဝေလိုက်တာဖြစ်ပါတယ်။

**တူဒေးစာအုပ်တိုက်**

*

# ဘာသာပြန်ဆိုသူ၏ အမှာ

ကျွန်တော် ငယ်စဉ် လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်ခန့်က ဖွံ့ဖြိုးပြီး နိုင်ငံများရဲ့ရုံးများ၊ ကျောင်းများ၊ တက္ကသိုလ်များတွင် ကွန်ပျူတာစက် ကြီးများ အသုံးပြုပြီး အလုပ်လုပ်နေကြပြီဆိုတာကို ဖတ်ဖူးကြားဖူးခဲ့ပါ တယ်။ အဲဒီ အချိန်က ကျွန်တော့်ရဲ့စိတ်မှာ သူတို့အသုံးပြုနေတဲ့ကွန်ပျူ တာဆိုတာ ကိန်းဂဏန်းတွေသိပ်များပြီး ခက်ခဲတဲ့လုပ်ငန်းစဉ်တွေ၊ ပြဿနာတွေ၊ သင်္ချာပုစ္ဆာတွေကို အလျင်အမြန် တွက်ချက်အဖြေထုတ် ပေးနိုင်တဲ့ ယခုခေတ် လူတိုင်းအသုံးပြုနေတဲ့ ''ဂဏာန်းပေါင်းစက်'' (Calculator) အကြီးစားလို့ပဲ ထင်ခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်ကျော် ကာလများအထိ မြန်မာနိုင်ငံတွင် ကွန်ပျူတာသုံးပြီး အလုပ်လုပ်နိုင်တဲ့ ရုံးဌာနအရည်အတွက်ဟာ လက်ချိုးရေနိုင်တဲ့အဆင့်လောက်ပဲရှိမယ်လို့ ထင်ပါတယ်။

ယခုကာလမှာတော့ လူတွေရဲ့ဘဝဟာ ကွန်ပျူတာနှင့်လွဲ ရှောင်မရ ဖြစ်ခဲ့သလို တစ်ဆင့်မြင့်ပြီး ပေါ်ထွန်းလာတဲ့အင်တာနက် ခေတ်မှာတော့ လူအတော်များများဟာ အင်တာနက်ရဲ့လွှမ်းမိုးမှုကို ခံနေကြရပါတယ်။ ဘာသာပြန်ဆိုသူ ကျွန်တော့်အနေနှင့်လည်း အင်တာ နက်နှင့် ကင်းလို့မရ ဖြစ်ခဲ့ပါတယ်။ အဲဒီ အခြေအနေမှာ ကွန်ပျူတာ ဖန်သားပြင်တွင် အမြဲတွေ့နေရတဲ့ ''ဂူးဂဲ'' (Google) ဆိုတဲ့နာမည်နှင့် ရင်းနှီးခဲ့ရပါတယ်။ ကွန်ပျူတာလောကမှာ ဂူးဂဲထက်စောပြီး လူသိများခဲ့ တဲ့ ''အက်ပဲ'' (Apple) တို့၊ ''မိုက်ကရိုဆော့'' (Microsoft) တို့ဟာ သူတို့ရဲ့တည်ထောင်သူ ပိုင်ရှင်များနှင့်တွဲပြီး ကျော်ကြားခဲ့ကြတာဖြစ် ပါတယ်။ ''အက်ပဲ'' နှင့် စတိဂျော့ (Steve Jobs)၊

မိုက်ကရိုဆော့နှင့် ဘီလ်ဂိတ် (Bill Gates) တို့ဟာ သတင်းစာတွေ၊ ဂျာနယ်တွေမှာ အမြဲတွဲ ပြီးဖော်ပြခံရလေ့ရှိခဲ့ပါတယ်။ ''ဂူးဂဲ'' ကျတော့ တည်ထောင်သူပိုင်ရှင်တွေကို တွဲပြီး သိသူတော်တော်ရှားခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ''ဂူးဂဲ'' ဟာ အောင်မြင်ကျော်ကြားတဲ့အိုင်တီ (IT) ကုမ္ပဏီကြီးလို့ပဲ သိထားပြီး သူ့ရဲ့တည်ထောင်သူပဲ့ကိုင်တွေကိုတော့ သတိမထားခဲ့မိပါ ဘူး။

စီလီကွန်တောင်ကြားရှိ နည်းပညာကုမ္ပဏီများအကြောင်း နှစ် ပေါင်း ၂၀ ခန့် လေ့လာရေးသားခဲ့တဲ့ စာရေးဆရာ Richard L.Brand ရဲ့ Google Guys ဆိုတဲ့စာအုပ်ကို မိတ်ဆွေတစ်ဦးထံမှာတွေ့ရှိပြီး အနည်းငယ်ဖတ်ကြည့်ရာက စိတ်ဝင်စားသွားပြီး တစ်အုပ်လုံးဖတ်ဖြစ်ခဲ့ ပါတယ်။
ဒီဂူးဂဲလူငယ်နှစ်ဦးရဲ့ကုမ္ပဏီတည်ထောင်ပုံ၊ ငွေအရင်းအနှီး ရှာပုံ၊ ကုမ္ပဏီကိုစီမံအုပ်ချုပ်ပုံနှင့် ကုမ္ပဏီရဲ့ထုတ်လုပ်မှုလုပ်ငန်းစဉ် တွေအပေါ်မှာ ထားရှိတဲ့စိတ်ဓာတ်တွေ၊ ကိုယ်ကျင့်တရားစောင့်ထိန်းပုံ တွေဟာ အများနှင့်မတူ ထူးခြားနေတာကို တွေ့ရပါတယ်။ ယခုခေတ် နည်းပညာကုမ္ပဏီများနှင့် အခြားစီးပွားရေးကုမ္ပဏီများအတွက်လည်း အတုယူစရာ၊ နမူနာယူစရာတွေပါနေတာကြောင့် ဒီဂူးဂဲလူငယ်နှစ်ဦး နှင့် သူတို့ရဲ့ကုမ္ပဏီအကြောင်း၊ သူတို့ရဲ့လူတွေအပေါ် ကမ္ဘာကြီးအပေါ် ထားရှိတဲ့ ထူးခြားတဲ့စိတ်ဓာတ်တွေကို အခြားသူများ (အထူးသဖြင့်) အင်္ဂလိပ်စာကို ကျွမ်းကျင်စွာမဖတ်နိုင်တဲ့လူငယ်များကို သိစေလိုတဲ့ ဆန္ဒနှင့်စာအုပ်ကို ဘာသာပြန်ခဲ့ခြင်းဖြစ်ပါတယ်။

ဂူးဂဲထူထောင်သူလူငယ်နှစ်ဦးစလုံးဟာ ပညာတတ်မိသားစု မျိုးရိုးက ဆင်းသက်လာခဲ့သော်လည်း ငွေကြေးချမ်းသာကြွယ်ဝတဲ့ မိသားစုများတော့ မဟုတ်ခဲ့ကြပါဘူး။ သူတို့နှစ်ဦးစလုံးဟာ စတင်းဖို့ဒ် တက္ကသိုလ်မှာ ကွန်ပျူတာလုပ်ငန်းများနှင့်ပတ်သက်တဲ့သုတေသနတွေ လုပ်ကြရင်း တွေ့ဆုံရင်းနှီးပြီး ''ဂူးဂဲ'' ကုမ္ပဏီကို တည်ထောင်ခဲ့ကြ ပါတယ်။

ငွေအရင်းအနှီးလုံးဝမရှိဘဲနှင့် စီလီကွန်တောင်ကြားကုမ္ပဏီ တစ်ခုတည်ထောင်နိုင်ဖို့ ငွေအရင်းအနှီးရှာပုံတွေ၊ ကုမ္ပဏီလုပ်ငန်း အပေါ်ထားရှိတဲ့သူတို့ရဲ့ထူးဆန်းတဲ့အမြင်တွေ၊ ခံယူချက်တွေ၊ နည်း ပညာထုတ်လုပ်မှုအပေါ်မှာထားတဲ့ သူတို့ရဲ့မြင့်မားလှတဲ့ရည်မှန်းချက် စံနှုန်းတွေကို စာရေးဆရာ ဘရန့်က သူ့ကဏ္ဍအလိုက် မီးမောင်းထိုးတင် ပြပုံတွေကလည်း ဒီစာအုပ်ရဲ့အနှစ်သာရပဲ ဖြစ်ပါတယ်။

ဂူးဂဲရဲ့တစ်ဟုန်ထိုး အောင်မြင်ရခြင်းဟာ သူတို့ရဲ့နည်းပညာ တီထွင်မှုအားသာချက်တစ်ခုတည်းကြောင့်မဟုတ်ဘဲ အစဉ်အလာလုပ် ထုံးလုပ်နည်း သဘောတရားတွေကို တော်လှန်ထားတဲ့သူတို့ရဲ့စီးပွားရေး မဟာဗျူဟာ၊ နည်းဗျူဟာများကြောင့်လည်းဖြစ်ပါတယ်လို့ ဝေဖန်သူတွေ က သုံးသပ်ထားတာကို ဒီစာအုပ်ကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလူငယ်နှစ် ဦးဟာ စီးပွားရေးပညာလည်းမတတ်၊ စီးပွားရေး အတွေ့အကြုံလည်းမရှိ ဘဲနှင့် တည်ဆဲစီးပွားရေးသဘောတရားတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ နည်းဥပဒေတွေကို အင်တာနက်ခေတ်နှင့်အညီဖြစ်အောင် တော်လှန် ပြောင်းလဲပစ်နိုင်ခဲ့ပြီး သူတို့ရဲ့ကိုယ်ပိုင်စီးပွားရေးနည်းဗျူဟာများနှင့် ''ဂူးဂဲ'' ကို အောင်မြင်ကျော်ကြားတဲ့နည်းပညာကုမ္ပဏီကြီးဖြစ်အောင် ထူထောင်ခဲ့ပုံကလည်း ဒီစာအုပ်ရဲ့အရေးပါတဲ့အခန်းဖြစ်ပါတယ်။ စီးပွားရေးပညာရှင်များ အပါအဝင် လူအများဟာ ဒီလူငယ်နှစ်ဦးရဲ့ စိတ်ဓာတ်ခွန်အားနှင့် ဉာဏ်ရည်ဉာဏ်သွေးကို အံ့သြတကြီးဖြစ်ခဲ့ကြရပါ တယ်။ ယခုခေတ် စီးပွားရေးလုပ်ငန်းရှင်များ အတုယူဖွယ်ဖြစ်ပါတယ်။ ကုမ္ပဏီကို စီမံခန့်ခွဲအုပ်ချုပ်မှုပြုရာမှာလည်း လုပ်ငန်းရှင်ကြီးများ အတုယူဖွယ်ရှိသလို သူတို့ကိုယ်သူတို့ ယုံကြည်မှုပြင်းထန်လွန်းပြီး ဇွတ် လုပ်တတ်တဲ့အကျင့်ကြောင့် အမှားတွေ တွေ့ကြုံရပုံကိုလည်း သင်ခန်းစာ ယူစရာအဖြစ် ဒီစာအုပ်မှာတွေ့ကြရမှာ ဖြစ်ပါတယ်။

ဂူးဂဲလူငယ်နှစ်ယောက်ရဲ့လုပ်ရပ်အားလုံးမှာ ကမ္ဘာကြီးနှင့် လူသားတွေကို အကောင်းဆုံးဆိုတဲ့ စံတွေနှင့်ပေးဆပ်ချင်တဲ့ ပြင်းပြတဲ့ စိတ်ဓာတ်က ဦးဆောင်နေတယ်ဆိုတာ ဒီစာအုပ်မှာ ထင်ထင်ရှားရှား ဖော်ပြထားပါတယ်။ အဲဒီ မွန်မြတ်တဲ့စိတ်ဓာတ်ကြောင့်ပဲ သူတို့လုပ်သမျှ အားလုံးနီးပါး အောင်မြင်ခဲ့တယ်လို့ စာဖတ်သူတွေအားလုံး ခံစားမိ အောင် စာရေးသူက တင်ပြနိုင်ခဲ့ပါတယ်။

စဉ်းစားတွေးခေါ်ရာမှာ သိပ်တော်ပြီး လုပ်ငန်းအပေါ်မှာပဲ အထူးအာရုံစိုက်သူတွေဟာ လူမှုဆက်ဆံရေးမှာ ချို့ယွင်းချက်တွေ၊ လိုအပ်ချက်တွေ ရှိတတ်တယ်ဆိုတာကိုလည်း စာဖတ်သူတွေ သတိပြုနိုင် အောင် စာရေးဆရာက ထင်ထင်ရှားရှားတင်ပြနိုင်ခဲ့ပါတယ်။ သို့သော် လည်း သူတို့ကို အမြင်မရှင်းသူတွေ၊ မုန်းတီးနေသူတွေဟာ သူတို့နှင့် အချိန်အတော်ကြာစကားပြောခွင့်ရပြီးတာနှင့် သူတို့ကိုလေးစားချစ်ခင် သွားပုံကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။

ဤစာအုပ်ရဲ့အချို့အပိုင်းတွေမှာ နည်းပညာရပ်ဆိုင်ရာစကား လုံးများ၊ စီးပွားရေး သဘောတရားဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စကားလုံးများကိုသုံးပြီး ပညာရပ်ဆန်ဆန်ရေးသားထားတဲ့အတွက် အိုင်တီဘာသာရပ်နှင့် မရင်းနှီးသူများအတွက် နားလည်ဖို့ အနည်းငယ် ခက်ခဲပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ တွင်ကျယ်နေတဲ့နည်းပညာ ဗဟုသုတကို အမှတ်မထင် ရရှိနိုင်တဲ့စာအုပ်ဖြစ်ပါကြောင်း မှတ်ချက် ပြုလိုက်ရပါတယ်။

**ရဲမြင့် (စွန့်ဦးတီထွင်)**

*

## မူရင်းစာရေးသူအကြောင်း

ဤစာအုပ်ကိုရေးသားသူ ရစ်ချတ်အယ်ဘရန် (Richard L.Brandt) သည် Business Week မဂ္ဂဇင်း၏ နည်းပညာဆိုင်ရာ သတင်းထောက်ဘဝတွင် ၁၄ နှစ်ကြာလုပ်ခဲ့ပြီး စီလီကွန်တောင်ကြား (Silicon Valley) အကြောင်းကိုလည်း နှစ်ပေါင်း ၂၀ ခန့် ရေးသား ခဲ့သောဆုတံဆိပ်ရသတင်းသမားတစ်ဦး ဖြစ်ပါတယ်။ ထို့ပြင် စွန့်ဦး တီထွင်ကုမ္ပဏီများ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါတယ်။ Entrepreneur Watch Blog နဲ့ Capital Instincts စာအုပ်တို့ကို လည်း ရေးသားခဲ့ပြီး၊ ယခုအခါ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို မြို့တွင် နေထိုင်လျက်ရှိပါတယ်။

* * *

နိဒါန်း

# ကမ္ဘာ့စာကြည့်တိုက်မှူးကြီးများ

'သိပ်ကောင်းတာပေါ့ဗျာ၊ ကျွန်တော်လည်း အဲဒါကို နှစ်အတော်ကြာ ကြိုးစားနေခဲ့ပါတယ်'။

**Eric Schmidt, Google CEO**

(ဤစာအုပ်ခေါင်းစဉ်ကို ဂူးဂဲ CEO ကို ပြောပြတဲ့အခါ သူက အထက်ပါအတိုင်း ပြန်ပြောခဲ့ပါတယ်။)

ပထမဆုံး ကမ္ဘာ့အကြီးအကျယ်ဆုံးစာကြည့်တိုက်သည် အလက်ဇန္ဒြီးယား (Alexandria) စာကြည့်တိုက်ကြီးပင် ဖြစ်ပါတယ်။ ၎င်းစာကြည့်တိုက်ကြီးကို Alexander the Gerat ၏ ငယ်သူငယ်ချင်းလည်းဖြစ်၊ သူ၏ စစ်တပ်တွင် ဗိုလ်ချုပ်တစ်ဦးဖြစ်သူ Ptolemy I က စတင်တည်ထောင်ခဲ့ပါ တယ်။

ပထမမြောက် တိုလမီဘုရင်သည် ဘီစီ ၃၂၃ တွင် အလက်ဇန္ဒြား သေဆုံးပြီး နောက်၊ ၎င်းတို့တိုက်ခိုက်သိမ်းပိုက်ခဲ့သော အီဂျစ်ပြည်၏ ဘုရင်အဖြစ် ဆက်ခံအုပ်စိုးခဲ့သူ ဖြစ်ပါတယ်။ သူဟာ နိုင်းမြစ်ဝမှာ သီးသန့်မြို့ငယ်လေး တစ်မြို့ကိုတည်ထောင်ပြီး၊ သူ့သူငယ်ချင်းအောင်နိုင်သူကြီး၏ အမည် အလက်ဇန္ဒြားကိုအစွဲပြု၍ ထိုမြို့တော်အသစ်ကို အလက်ဇန္ဒရီးယားဟု အမည်ပေးခဲ့ပါ တယ်။

လွန်ခဲ့သော ဘီစီ ၃၀၀ ခန့်က ၄င်းမြို့တွင်စာကြည့်တိုက်တစ်ခု ထူထောင်ပြီးနောက် အလက်ဇန္ဒရီးယားမြို့တော်သည် တစ်ကမ္ဘာလုံးက အားကျရလောက်အောင် အသိပညာထွန်းကားရာ ဗဟိုချက်ဖြစ်လာခဲ့ပါတယ်။ ယင်းစာကြည့်တိုက်ကြီးသည် ကမ္ဘာ့အကြီးကျယ်ဆုံးစာကြည့်တိုက်အဖြစ် နှစ်ပေါင်း ၃၀၀ ခန့် အထင်အရှား တည်ရှိခဲ့ပါတယ်။

စာကြည့်တိုက်တည်ထောင်သူ တိုလမီ၏ ရည်မှန်းချက်မှာ ကမ္ဘာပေါ်တွင် ရေး သားခဲ့သောစာပေ၊ စာအုပ်၊ စာကောင်းအားလုံးကို တစ်နေရာတည်းတွင် စုစည်းထား ရန် ဖြစ်ပါတယ်။ ဤစာကြည့်တိုက်ကြီး ဖျက်ဆီးခံရသောအချိန်တွင် နှစ်သုံးရာခန့်အတွင်း စုဆောင်းခဲ့တဲ့ စာအုပ်၊ စာစောင်၊ ပုရပိုက်ပေါင်း ငါးသိန်း ခန့်ရှိသည်ဟု သိရှိခဲ့ရပါတယ်။

ယင်းစာကြည့်တိုက်ကြီးသည် ဂရိယဉ်ကျေးမှုကြီး ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိခဲ့သည့် ဟယ်လင်းနစ်ခေတ် (Hellenistic Age) တစ်လျှောက် လုံးတွင် အရေးပါသောကဏ္ဍတွင် ရှိနေခဲ့ပါတယ်။ ၄င်းစာကြည့်တိုက်ထက် ယဉ်ကျေးမှုအသိပညာနယ်ပယ်အပေါ် ပိုမိုလွှမ်းမိုးနိုင်ခဲ့သော စာကြည့်တိုက်မျိုး နောက်နှစ်ပေါင်းနှစ်ထောင်လောက်ထိ ပေါ်ပေါက် ခဲ့ခြင်းမရှိဟုဆိုလျှင်လည်း မမှားနိုင်ပါဘူး။ ဟယ်လင်းနစ်ခေတ်မှ နောက်နှစ်ပေါင်း နှစ်ထောင်တွင်မှ အကြီးကျယ်ဆုံးတော်လှန်ပြောင်းလဲမှုဖြစ်စဉ်အတွင်း၊ အကြီးကျယ်ဆုံး အင်တာနက်စာကြည့်တိုက်ကြီး ပေါ်ပေါက်လာခဲ့၍ သာ အလက်ဇန္ဒရီးယား စာကြည့်တိုက်ကြီး၏ အရေးပါမှုက လျော့ကျသွားခဲ့ရခြင်း ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် မောင်တိန်ဗြူး (Mountain View) ဒေသသည် အင်တာနက်စာကြည့်တိုက်မှူးများ အလုပ်လုပ်ရာ စီလီကွန်တောင်ကြား၏ ဗဟိုချက်ပင် ဖြစ်ပါတယ်။ ၄င်းနယ်မြေတွင်ရှိသော စီးပွားရေးအဖွဲ့အစည်းများ၏ လုပသန့်ရှင်း သောအဆောက်အဦများသည်

အင်တာနက်နှင့် သတင်းနည်းပညာလုပ် ငန်းများလုပ်ကိုင်နေသူများ၏ အလုပ်လုပ်ရာဌာနများ ဖြစ်ပါတယ်။ ၎င်းစီလီကွန်တောင်ကြားနယ်မြေကြီးတွင် စီးပွားရေးပေါင်းစုံလုပ် ငန်းများ တည်ရှိပြီး၊ သံမဏိဘောင်များ၊ ကွန်ကရီများ၊ မှန်များနှင့် ဆောက်လုပ်ထားတဲ့ ခန့်ညားတဲ့အဆောက်အဦများဟာ စီးပွားရေးအဖွဲ့ အစည်းများ၏ ရုံးခန်းများ၊ အလုပ်ရုံစက်ရုံများပင် ဖြစ်ပါတယ်။ ၎င်း နယ်မြေကြီးသည် လူတို့ဖန်တီးထားသော ရေကန်များ၊ ချောင်းငယ်များ၊ ဥယျာဉ်များ၊ လျှောက်လမ်းများနှင့် အလွန်သာယာလှပသော နေရာကြီး တစ်ခုဖြစ်နေခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းပရိဝုဏ်အတွင်း ပညာရှင်များ၊ အလုပ်သမားများသည် စက္ကူတာဆိုင်ကယ်များနှင့်လည်းကောင်း၊ စက် ဘီးများနှင့်လည်းကောင်း၊ ခြေလျင်သော်လည်းကောင်း ပျားပန်းခပ်မျှ လှုပ်ရှားသွားလာလျက် ရှိနေကြပါတယ်။

ယခုခေတ်စာကြည့်တိုက်မှူးများသည် စာကြည့်တိုက်များတွင် စတင်အသုံးပြုခဲ့ သော ဒူဝီဒသမစနစ် Dewey Decimal System ခေတ်နှင့် ရာစုနှစ်ထက်ဝက်ခန့် ဝေးကွာခဲ့ပြီဖြစ်ပါတယ်။ ယခုအချိန်က အီလက်ထရောနစ်အချိန် ဖြစ်နေပါပြီ။ ဂူးဂဲအင် (Google Inc) ဟာ အင်တာနက်အသိပညာမှာ မယှုံနိုင်လောက်အောင် ပြည့်စုံပြီး၊ ကျွမ်း ကျင်ထူးချွန်သော လူငယ်ကွန်ပျူတာပညာရှင်များနှင့် ဖွဲ့စည်းထားတဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကော်ပိုရေးရှင်းတစ်ခုဖြစ်တဲ့အပြင် ကမ္ဘာ့သတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုရာတွင် အဆင်ပြေ လှတဲ့ ကမ္ဘာ့ထိပ်တန်းစာကြည့်တိုက်မှူးကြီးအဖြစ် တရားဝင်မဟုတ် သော်လည်း အများက တစ်ညီတစ်ညွတ်တည်း အသိအမှတ်ပြုခံထားရတဲ့ ကုမ္ပဏီကြီးဖြစ်ပါတယ်။

အင်တာနက်ပညာရှင်များက နာမည်ပေးထားတဲ့ 'မာတိကာ (Content) အောက်တွင် သတင်းအချက်အလက်မျိုးစုံ၊ ပညာရပ်မျိုးစုံမှ အစ အတွေးအခေါ်အယူအဆများ၊ ဖျော်ဖြေရေးကဏ္ဍများ၊ စကား ရည်လုပွဲ ငြင်းခုံပွဲများ၊ ယဉ်ကျေးမှုအနုပညာ၊ ညစ်ညမ်းစာပေရုပ်ပုံများ၊ လိမ်ညာမှုများ၊

အတင်းအဖျင်းစကားများထိ ပါဝင်ပြီး ယင်းအကြောင်း အရာမျိုးစုံပါဝင်သော ရှုပ်ထွေးလှတဲ့သတင်းကွန်ရက်ဝက်ပါထဲမှာ တစ်ဝဲ လည်လည် ဖြစ်မနေရအောင် ရှေ့ဆောင်လမ်းပြပြီး ကွန်ပျူတာဖန်သား ပြင်ပေါ်သို့ မိမိသိလိုကြည့်လို သည့်အချက်အလက်များကို ပို့ဆောင်ပေး နိုင်သည်မှာ ၄င်းဂူးဂဲအင်ပင် ဖြစ်ပါတယ်။

ဂူးဂဲတည်ထောင်သူ လာရီပေ့(ချ်) (Larry Page) နှင့် ဆာဂျီ ဘရင်း (Sergey Brin) တို့ဟာ အင်တာနက်တီထွင်သူများတော့ မဟုတ် ခဲ့ပါဘူး။ (သို့သော် ယခု ၄င်းတို့၏ ဂူးဂဲတွင် အဓိကအင်တာနက် ဗိသုကာများအနက်မှ တစ်ယောက်ဖြစ်တဲ့ ဗင့်(တ်)ဆဲ(ဖ်) (Vint Cert) ကို ခန့်ထားပြီး ဖြစ်ပါတယ်။) ဒါပေမဲ့ ကမ္ဘာမှာ မည်သူဟာ ကမ္ဘာ့ စာကြည့်တိုက်မှူးခေါင်းဆောင်ဖြစ်တယ်ဆိုတာကို တွေးကြည့်လျှင်တော့ ဉာဏ်ကောင်းပြီးထူးချွန်တဲ့ လာရီနှင့် ဆာဂျီတို့ကိုပဲ ညွှန်ပြရမှာဖြစ်ပါ တယ်။ သူတို့နှစ်ယောက်ဟာ ဂူးဂဲနှင့်ပတ်သက်တဲ့အတွေးအခေါ်နှင့် စီးပွားရေးနည်းဗျူဟာများချမှတ်ရာမှာ အဓိကလူတွေဖြစ်ခဲ့ပါတယ်။ အဓိကပြဿနာများဖြစ်တဲ့ သတင်းဖြတ်တောက်မှု၊ သုံးစွဲသူရဲ့ လွတ် လပ်မှု၊ ဈေးကွက်သစ်ဝင်ရောက်မှုနှင့် ကော်ပိုရေးရှင်း၏ တည်ဆဲစီးပွား ရေးနည်းဗျူဟာများကို ပြောင်းလဲပစ်မှု စသည့်ကိစ္စရပ်များတွင်လည်း ၄င်းတို့နှစ်ယောက်ဟာ ပင်တိုင်ဖြေရှင်းဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြ ပါတယ်။

## လူမှုကျင့်ဝတ်နှင့်ညီညွတ်တဲ့ဂူးဂဲ

လာရီနှင့်ဆာဂျီတို့တွင် စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးများ ၏ ဟန်ပန်မျိုးများကို မတွေ့ရပေ။ သူတို့နှစ်ယောက်အနက် လာရီက လူမှုရေးနယ်ပယ်တွင် ပိုပြီးပြေပြေပြစ်ပြစ် မရှိတာကို တွေ့ရပါတယ်။ မျက်ခုံးထူထူ နှုတ်ခမ်းထူထူရှိတဲ့လာရီဟာ သူ့ရဲ့နက်မှောင်တဲ့ဆံပင်ကို ရှေးဆန်ဆန်ညှပ်ပြီး၊ သပ်သပ်ရပ်ရပ်လဲ ဘယ်တော့မှ မဖီးတဲ့အပြင် မျက်နှာကလည်း

အမြဲတမ်းသုန်သုန်မှုန်မှုန် ရှိနေတတ်ပါတယ်။ သူ့ကို နာမည်တပ်ပြီး မမေးတဲ့မေးခွန်းတွေဆို ဘယ်တော့မှ ဝင်မဖြေပါဘူး။ ဖြေစရာရှိလို့ဖြေလျှင်လည်း အသံဩဇာအပြည့်နှင့် စနစ်တကျအသံ ထွက်ကို ဂရုစိုက်ပြီး ဖြေလေ့ရှိပါတယ်။ ဆာဂျီကျတော့ အပြင် လူတွေ နှင့်ဆက်ဆံရာမှာ ရှက်ရွံ့ပုံရှိပေမယ့် ပြောတဲ့အခါမှာတစ်ဖက်သားကို စူးစူးရှရှစိုက်ကြည့်ပြီး၊ အိန္ဒြေရရ ပြောတတ်ပါတယ်။ သူ့ရဲ့အညိုရောင် သမ်းပြီး ကောက်လိမ်နေတဲ့ဆံပင်ကတော့ သူ့ခေါင်းပေါ်မှာ ပွယောင်း ယောင်းနှင့် ရှိနေတတ်ပါတယ်။ ၄င်းတို့နှစ်ယောက်ဟာ အရေးတကြီးဖြေ ရှင်းဖို့ရှိတဲ့အစည်းအဝေးများကို အတူတကွ တက်ရောက်ပြီး ကုမ္ပဏီ၏ ထုတ်လုပ်မှု၊ ဒီဇိုင်းကအစ ကုမ္ပဏီ၏ ကျင့်ဝတ်သိက္ခာဆိုင်ရာပြဿနာ များထိ ဖြေရှင်းဆုံးဖြတ်ခဲ့ကြသူများ ဖြစ်ပါတယ်။

ထုတ်လုပ်မှုပိုင်းဆိုင်ရာ ဥက္ကဋ္ဌဖြစ်တဲ့ လာရီက ကုမ္ပဏီရဲ့ အနာဂတ်လမ်းကြောင်းကို အဓိကစဉ်းစားသူဖြစ်သလို အဓိကအဆုံး အဖြတ်လုပ်ရမယ့်ကိစ္စတွေမှာလည်း သူ့ရဲ့သဘောထားဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။

ကုမ္ပဏီရဲ့နည်းပညာပိုင်းဆိုင်ရာဥက္ကဋ္ဌဖြစ်တဲ့ ဆာဂျီကတော့ သင်္ချာပညာပါရဂူတစ်ဦးဖြစ်ပြီး၊ ဂူးဂဲရဲ့နည်းပညာပိုင်းဆိုင်ရာ အဆုံး အဖြတ်ပေးနိုင်သူတစ်ဦး ဖြစ်ပါတယ်။ သူဟာ ကုမ္ပဏီရဲ့ကျင့်ဝတ် သိက္ခာဆိုင်ရာရပ်တည်ချက်ပေါ်မှာလည်း နက်နက်ရှိုင်းရှိုင်း စိတ်ပါဝင် စားသူ ဖြစ်ပါတယ်။

အစုရှယ်ယာရှင်တွေရဲ့ မေးခွန်းတွေကို ဖြေရမယ့် ကုမ္ပဏီ အစည်းအဝေးမှာဆိုလျှင် လာရီက အကျႌအပြာရောင်နှင့် ဘောင်းဘီ အညိုပွပွကြီးကို ဝတ်ပြီး ခုံပေါ်မှာတောင့်တောင့် ကြီးခါးဆန့်ပြီး ထိုင်နေ တတ်ပါတယ်။ လက်ထဲမှာလည်း မိုက်ကရိုဖုန်းတစ်လုံးကို ဘာလုပ် ရမှန်းမသိသလိုပုံစံနှင့် ကိုင်ထားပါတယ်။ ဆာဂျီကတော့ အရောင်မှိန်တဲ့

ဂျင်းဘောင်းဘီ အပြာရောင်နှင့်အညိုရောင်တီရှပ်ကို ဝတ်ဆင်ထားပြီး သူထိုင်နေပုံက လာရီလိုမဟုတ်ဘဲ သက်သောင့်သက်သာရှိနေတာကို တွေ့ရပါတယ်။ သူက သူ့ရဲ့လက်ကို ပေါင်ပေါ်မှာ တင်ထားပြီး ပရိသတ် ကို ပညာရှင်တစ်ယောက်ရဲ့ ယုံကြည်မှုအပြည့်ဟန်ပန်နှင့် စိတ်ဝင်တစား ကြည့်နေတတ်ပါတယ်။ ထို့ပြင်လည်း သူဟာ တကယ့်အတိမ်းအစောင်း မခံတဲ့ခေါင်းစဉ်မျိုးနှင့် ပတ်သက်တဲ့ကိစ္စမျိုးတွေကိုပဲ ပရိသတ်ကို ရှင်း လင်းပြောဆိုဖို့ လိုလားတဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ရှယ်ယာရှင်တွေ မေးတတ်တဲ့သမားရိုးကျမေးခွန်းမျိုးတွေကို သူကသိပ်စိတ်ဝင်စားလေ့ မရှိတာကို တွေ့ရပါတယ်။

အစည်းအဝေးတစ်ခုမှာ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က အကြံပြုချက်နှစ်ခုကို တင်သွင်းလာခဲ့ပါတယ်။ တရုတ်ပြည်တွင် သတင်းဖြတ်တောက်မှုနှင့် ပတ်သက်၍ စစ်ဆေးရန် ဂူးဂဲကုမ္ပဏီက လူ့အခွင့်အရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရေးကို ရှယ်ယာရှင်များက လိုလားကြောင်း အဆိုပြုလာပါတယ်။ ကုမ္ပဏီရဲ့ စီမံခန့်ခွဲရေးအဖွဲ့က ၄င်းအချက်မှာ ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် ဆောင်ရွက်ရန် မလို တော့ကြောင်း ရှင်းပြပြီးအဆိုကို ပယ်ချခဲ့ပါတယ်။

ယင်းကိစ္စကို မဲခွဲဆုံးဖြတ်ရာမှာ ဆာဂျီက မဲမပေးဘဲ နေခဲ့ပါ တယ်။ ကုမ္ပဏီဘုတ် အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့က ၄င်းအဆိုကို ကန့် ကွက်ပြီးဖြစ်လို့ သူကန့်ကွက်ရန်မလိုတော့တဲ့အတွက် မဲမပေးခဲ့တာပါလို့ ရှင်းပြခဲ့ပါတယ်။ လာရီနှင့် စီအီးအို အဲရစ်ရှမစ် (Eric Schmidt) တို့ ကတော့ ယင်းအဆိုကို ကန့်ကွက်မဲပေးခဲ့ကြပါတယ်။

ကျွန်ုပ်စာရေးသူက ဆာဂျီကို ဘာကြောင့် မဲမပေးဘဲနေခဲ့ တာလဲလို့မေးတဲ့အခါ ဆာဂျီက ယခင်အဖြေနှင့် ကွဲလွဲတဲ့အဖြေကို ပေး ခဲ့ပါတယ်။ သူ့စိတ်ထဲမှာ ဒီအဆိုက မှန်ကန်မှုရှိပြီး လုပ်သင့်တဲ့အလုပ် တစ်ခုလို့ခံစားမိလို့

မဲမပေးခဲ့တာပါလို့ ပြောခဲ့ပါတယ်။ ကုမ္ပဏီအတွင်း မှာ တရုတ်ပြည်နှင့်ပတ်သက်တဲ့ လူ့အခွင့်အရေးကော်မတီတစ်ရပ် ဖွဲ့ စည်းပြီး ပုံမှန်အစည်းအဝေးခေါ်ကာ ဆွေးနွေးကြရင်ကောင်းမယ်လို့ ဆက်ပြောပါတယ်။ ဒါပေမဲ့ ဆာဂျီကပဲ ဂူးဂဲရဲ့တရုတ်ပြည်တွင်းမှာ ဆောင်ရွက်ခဲ့ရမှုတွေကို ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် တရုတ်ပြည် တွင် ဂူးဂဲရဲ့မှတ်တမ်းက ပြိုင်ဘက်ကုမ္ပဏီများထက် ပို၍ ကောင်းနေတာ ကိုလည်း တွေ့ရပါတယ်လို့ ပြောခဲ့ပါတယ်။

## ဂူးဂဲ၏ စီးပွားရေးနည်းဗျူဟာအသစ်များ

ဂူးဂဲကို စတင်းဖို့တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံပညာရှင်လူငယ် နှင့် နှစ်ဦးက ၁၉၉၈ မှာ တည်ထောင်ပြီးကတည်းကတည်းက ၄င်းတို့ဟာ ဂူးဂဲရဲ့ကျင့်ဝတ်သိက္ခာဆိုင်ရာ ရပ်တည်ချက်အပေါ်မှာ အာရုံစိုက်ဆောင် ရွက်ခဲ့ကြပါတယ်။ အဲဒီ အခါမှာ တွေ့ကြုံရတဲ့ပြဿနာများအနက် ၎င်းစီး ပွားရေးနည်းဗျူဟာအသစ်များက အချက်တစ်ချက်သာ ဖြစ်ပါတယ်။

ကွန်ပျူတာသိပ္ပံပညာရှင်များဟာ ပုံနှိပ်ထုတ်ဝေပြီးဖြစ်တဲ့ သုတေသနစာတမ်းပေါင်းများစွာကို စုစည်းထားတဲ့ အလွန်ကြီးမား ကျယ်ပြန့်သော အီလက်ထရောနစ် ဒေတာဘေ့စ် (Database) က မိမိသိလိုသည့်အချက်ကို ရှာဖွေနိုင်တဲ့နည်းပညာဖွံ့ဖြိုးရေးမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းကြီးကို ဆောင်ရွက်ရန် ကြိုးစားရာမှ ဂူးဂဲကို မွေးဖွား ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းစီမံကိန်းကြီးမှပင် မိမိကြည့်လိုသည့်အချက် အလက်များကို ရှာဖွေရာတွင်၊ ပိုမိုကောင်းမွန်သည့်အင်တာနက် နည်း ပညာကို စတင်တွေ့ရှိပြီးနောက် လူအများအပေါ် လွှမ်းမိုးမှုအရှိဆုံးနှင့် အကြီးမားဆုံးသောနည်းပညာဆိုင်ရာကုမ္ပဏီကြီးဖြစ်သည့် ဂူးဂဲကုမ္ပဏီ ကြီးပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါတယ်။

သို့ရာတွင် နည်းပညာပိုင်းဆိုင်ရာ အောင်မြင်မှုတစ်ခုတည်း နှင့်

အောင်မြင်သည့်စီးပွားရေးကုမ္ပဏီကြီးတစ်ခု ဖြစ်မလာနိုင်ပါ။ မှန်ကန်သောစီးပွားရေးဆိုင်ရာနည်းဗျူဟာများကသာ အောင်မြင်တဲ့ ကုမ္ပဏီတစ်ခုကို မွေးဖွားပေးနိုင်မှာ ဖြစ်ပါတယ်။

လာရီနှင့် ဆာဂျီတို့ဟာ စီးပွားရေးနည်းဗျူဟာပုံစံသစ်ကို အသုံးပြုပြီး တစ်မူထူးခြားပြိုင်ဘက်ကင်းတဲ့နည်းပညာကုမ္ပဏီတစ်ခုကို တည်ထောင်နိုင်ခဲ့ကြပါတယ်။ ကြီးကျယ်သောအလက်ဇန္ဒရီးယား စာကြည့်တိုက်ကြီးသည် ဟယ်လင်နစ်ကာလနှင့် ကိုက်ညီသင့်တော်သလို အင်တာနက်ခေတ်နှင့် လျော်ညီတဲ့စီးပွားရေးနည်းဗျူဟာများကို လာရီ တို့က အသုံးပြုခဲ့တဲ့အတွက် အောင်မြင်မှုတွေရခဲ့ကြခြင်း ဖြစ်ပါတယ်။

ဂူးဂဲဟာ နောက်နှစ်သုံးရာလောက်ထိ တည်ရှိမည် မရှိမည် မသေချာပေမယ့် လောလောဆယ်မှာတော့ ဂူးဂဲရဲ့အနာဂတ်ကောင်းနေ သေးတာကို တွေ့ရပါတယ်။ လာရီနှင့် ဆာဂျီတို့ဟာ မှန်ကန်တဲ့စီးပွား ရေးလမ်းကြောင်းကိုရွေးမိတယ်လို့ပြောရင် ၂၁ ရာစုမှာ လျှော့လျှော့ ပေါ့ပေါ့ပြောတာဖြစ်တယ်လို့ ဆိုရမှာပါ။ ဘာကြောင့်လဲဆိုတော့ သူတို့ ဂူးဂဲကို စတင်ထူထောင်ချိန်မှာ စီးပွားရေးပညာရှင်ကြီးများက ဂူးဂဲရဲ့ လုပ်ငန်းဟာ မစတင်မီကတည်းက ရှုံးနေပြီးသားလို့တော့ ဟောကိန်း ထုတ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၉၈ ခုနှစ်လယ်လောက်က ယာဟူး (Yahoo) က World Wide Web များ ထိပ်ဆုံးကို ရောက်နေတဲ့ အချိန်ဖြစ်ပါတယ်။ အင်တာနက်ဆိုက် (Sites) များတွင် ဝင်ရောက် ကြည့်ရှုသူများ၏ ၇၅ ရာခိုင်နှုန်းသည် ယင်းအချိန်က ယာဟူးကိုသာ အသုံးပြုခဲ့ကြပါတယ်။ ၁၉၉၈ ခုနှစ် စက်တင်ဘာလလောက်မှာ ပထမ ဦးဆုံးအမြတ်အစွန်းရရှိသော အင်တာနက်ကုမ္ပဏီတစ်ခုပင် ဖြစ်ခဲ့ပါ တယ်။

၁၉၉၈ မတ်လထုတ် Fortune မဂ္ဂဇင်းကလည်း ယာဟူးသည် အင်တာနက်စီးပွားရေးလုပ်ငန်းစစ်ပွဲမှာ အောင်နိုင်သူဖြစ်ပြီး ရှေ့အနာ ဂတ်မှာ ဒီထက်ပိုအောင်မြင်ဖို့ အဆင်သင့်ဖြစ်နေပါပြီလို့ ဖော်ပြရေးသား ခဲ့ပါတယ်။

စတော့ရှယ်ယာဈေးကွက်မှာ ယာဟူးရဲ့စတော့ဟာ ရှယ်ယာ တစ်စုလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်ထိ တက်သွားခဲ့ပြီး ၁၉၉၈ နှစ်ကုန်ပိုင်းတွင် ဒေါ်လာ ၂၃၀ ထိ တက်ခဲ့ပါတယ်။

သို့သော်လည်း ၂၀၀၀ ပြည့်နှစ်လောက်ကစပြီး ယာဟူးစတော့ ဟာ တစ်ဟုန်ထိုးကျဆင်းလာပြီး နောက်ဆုံးတစ်ရှယ်ယာကို ၅ ဒေါ်လာ ထိ ရောက်ရှိသွားခဲ့ပါတယ်။ တစ်ချိန်က အင်တာနက်ဂုရုကြီးလို့ တင်စား အခေါ်ခံရတဲ့ ယာဟူးရဲ့အမှုဆောင်အရာရှိချုပ် တင်မ်ကူးဂဲ (Tim Koogle) ဟာလည်း နောက်တစ်နှစ်အတွင်းမှာ ရာထူးက ထုတ်ပယ်ခံခဲ့ ရပါတယ်။ အဲဒီ အချိန်မှာ ကူးဂဲ ဘာကြောင့်ပြုတ်တယ်။ ယာဟူး ဘာတွေ မှာ မှားသွားခဲ့တယ်ဆိုတာ ဘယ်သူမှ ဂဃနဏ သိပုံမရခဲ့ကြပါဘူး။ လူတွေဟာ အဲဒီ အချိန်က ဂူးဂဲအကြောင်းကိုလည်း သိပုံမရကြသေးပါဘူး။

အမှန်ကတော့ တစ်ကမ္ဘာလုံးအပြောင်းအလဲ ဖြစ်ခဲ့တာပါ။ ၁၉၉၉ ဒီဇင်ဘာ ၃၁ ရက်မတိုင်ခင် Y2K ကောလာဟာလက ကွန်ပျူ တာ နှင့် ဆော့(ဖ်)ဝဲ (Software) လုပ်ငန်းတွေမှာ ဒေါ်လာဘီလီယံချီပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ဖြစ်စေခဲ့ပါတယ်။ အဲဒီ အချိန်က နည်းပညာ ကုမ္ပဏီတွေဟာ အတော်ကိုအဆင်ပြေနေတဲ့အချိန်ဖြစ်ပါတယ်။ သူတို့ ရဲ့ စတော့ဈေးကွက်တွေကလည်း တက်ပြီးရင်းတက်နေခဲ့ပါတယ်။ ငွေရှိသူအားလုံးဟာ ဒီနည်းပညာလုပ်ငန်းတွေမှာဝင်ပြီးရင်းနှီးနေတဲ့ အတွက် ကွန်ပျူတာအင်တာနက်နည်းပညာလုပ်ငန်းစတော့တွေဟာ ထိန်းမနိုင်သိမ်းမရတက်လာခဲ့လို့ အစိုးရက စီးပွားရေးကမောက်ကမ ဖြစ်မှုကို တားဆီးရန်အတွက် ဘဏ်တိုးနှုန်းတွေကို မြှင့်တင်ပေးခဲ့ရတဲ့ အထိ ဖြစ်ခဲ့ပါတယ်။

နောက်ဆုံး ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်နေ့ရောက်လာ ပြီး Y2K ကောလာဟာလတွေလဲ အခြေအမြစ်မရှိကြောင်း သိလာခဲ့ကြပါ တယ်။ အကျိုးဆက်အဖြစ် စီလီကွန်တောင်ကြားကို စီးဝင်နေခဲ့တဲ့

ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း ချက်ချင်းရပ်တန့်သွားခဲ့ကြပါတယ်။ ကော်ပိုရေးရှင်းကြီးတွေရဲ့ ကွန်ပျူတာဝယ်ယူမှုတွေလည်း ရပ်တန့်သွားခဲ့ ပါတယ်။ တစ်ဆက်တည်း နည်းပညာကုမ္ပဏီတွေရဲ့ အကျိုးအမြတ်တွေ ကျဆင်းသွားပြီး သူတို့ရဲ့စတော့တွေဟာလည်း ဝင်ငွေကျဆင်းမှုနှင့် အတူ ထိန်းမနိုင်သိမ်းမရ ကျဆင်းခဲ့ပါတယ်။ အစိုးရက ဘဏ်တိုးတွေ မြှင့်ထားခဲ့လို့လည်း အခြေအနေက ပိုဆိုးသွားခဲ့ပါတယ်။ Y2K ပြဿနာ ကြောင့်ပင် ကွန်ပျူတာနှင့် အင်တာနက်ဈေးကွက်လည်း ရုတ်ခြည်း ကျဆင်းသွားခဲ့ရပါတယ်။

ဂူးဂဲလာပြီ

ကွန်ပျူတာအင်တာနက်ဈေးကွက်ပျက်နေချိန်မှာပဲ ဂူးဂဲဟာ တိုးထွက်လာခဲ့ပါတယ်။ နည်းပညာဈေးကွက်မှ ထွက်ပြေးသွားကြတဲ့ အရင်းအနှီးဈေးကွက်မှုကို ဂူးဂဲက ရပ်တန့်စေနိုင်ခဲ့ပုံရပါတယ်။

၁၉၉၉ ဇန်နဝါရီလမှာ ဂူးဂဲရဲ့ ဆာ(ချ်)အင်ဂျင် (Search Engine) တွင် ဝင်ရောက်ကြည့်ရှုသူများသည် တစ်ရက်ကနေ တစ် သောင်းခန့်ရှိနေရာမှ ၂၀၀၀ ပြည့်နှစ်တွင် တစ်ရက်ကို ၁၀ သန်းထိ တိုးတက်လာတာကို တွေ့ရှိရပါတယ်။ ၁၉၉၉ မှာ ဂူးဂဲ၏ ရောင်းရငွေ အားလုံးမှာ ဒေါ်လာ နှစ်သိန်းခန့်သာရှိသော်လည်း ၂၀၀၀ ပြည့်နှစ်တွင် ရောင်းရ ငွေ ရာခိုင်နှုန်း ၉၄၀ ခန့် တိုးလာပြီး၊ ဒေါ်လာ ၁၉ သန်းထိ ဝင်ငွေ ရရှိလာခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်အကုန်တွင် ကွန်ပျူတာအင်တာ နက်ကုမ္ပဏီအတော်များများ ဝင်ငွေ ကျဆင်းပြီး၊ အချို့မှာပြုတ်သွား သည်အထိ ဖြစ်လာခဲ့ပါတယ်။ ထိုအချိန်တွင် ဂူးဂဲ၏ ရောင်းရငွေ (Revenue) မှာ ဒေါ်လာသန်း ၄၄၀ ထိ ရှိလာခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်တွင်မူ ၁.၅ ဘီလီယံ ဒေါ်လာဖိုးထိ အရောင်းမြှင့်တင်နိုင်ခဲ့ပြီး အမြတ်ငွေ ဒေါ်လာသန်း ၁၀၀ ထိ ရရှိလာခဲ့ပါတယ်။ အင်တာနက်သုံးစွဲသူပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ ဂူးဂဲ၏ ပရိသတ်များ ဖြစ်လာခဲ့ပါတယ်။

ဒါဆို ဂူးဂဲ ဘာကြောင့်အောင်မြင်ခဲ့ရတာ လဲဆိုတဲ့မေးခွန်းဟာ စိတ်ဝင်စားစရာကောင်းလာပါတယ်။ အင်တာနက်ဟာ စီးပွားရေး လောကကြီး တစ်ခုလုံးကို ကြီးမားစွာပြောင်းလဲပစ်နိုင်ခဲ့ပါတယ်။ အဲဒီ လို အရှိန်ပြင်းပြင်းနှင့် စီးပွားရေးပုံစံတွေပြောင်းလဲနေစဉ်မှာ နည်းပညာ ကုမ္ပဏီအများစုက ၄င်းတို့၏ စီးပွားရေးမဟာဗျူဟာများကို အမီလိုက် မပြောင်းနိုင်ဘဲ စနစ်ဟောင်းများနှင့်ပဲ ဆက်လက်လှုပ်ရှားနေခဲ့ကြပါ တယ်။ သူတို့ဟာ သူတို့ရဲ့ မဟာဗျူဟာမှာ ချို့ယွင်းချက်တွေရှိနေတာကို သတိမပြုမိခဲ့ကြဘဲ ဝင်လာမစဲ တသဲသဲဖြစ်နေတဲ့ဘီလီယံချီပြီးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုများအပေါ်မှာသာ ကျေနပ်နှစ်သိမ့်နေခဲ့ကြပါတယ်။ လာ ရီ နှင့် ဆာဂျီတို့ကတော့ သူတို့ရဲ့စီးပွားရေးမဟာဗျူဟာများကို ကမ္ဘာ ကြီးရဲ့ပြောင်းလဲမှုများနှင့်အညီ လိုက်ပါပြောင်းလဲနိုင်ရုံသာမက ၄င်းတို့ ရဲ့ပြောင်းလဲမှုအရှိန်ကိုလည်း မြှင့်တင်နိုင်ခဲ့ကြပါတယ်။

လာရီနှင့်ဆာဂျီတို့ဟာ စီးပွားရေးပုံစံသစ်နှင့် ဥပဒေအသစ် တွေကို တစ်စစီတစ် ပိုင်းစီသေသေချာချာ လေ့လာဆန်းစစ်ပြီး ကြီး ကျယ်တဲ့ဂူးဂဲကုမ္ပဏီကြီးကို ဖန်တီးတည် ထောင်နိုင်ခဲ့ကြပါတယ်။ ၄င်းတို့ ဟာ အင်တာနက်ခေတ်နှင့် လျော်ညီတဲ့စီးပွားရေးပုံစံသစ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ ငွေရနိုင်မယ့်နည်းလမ်းများကို ရှာဖွေလုပ် ကိုင်ရင်းနှင့် အမြတ်အစွန်းအများဆုံးရနိုင်တဲ့ ကြော်ငြာလုပ်ငန်းပုံစံ တစ်ခုကို တွေ့ရှိခဲ့ကြပါတယ်။ လုပ်ငန်းကြော်ငြာရှင်ကြီးများဟာ စီးပွား ရေးကျဆင်းချိန်မှာ သူတို့ကြော်ငြာတွေကို နောက်ဆုတ်သွားလေ့ရှိတာ ကို တွေ့ရတဲ့လာရီတို့နှစ်ဦးဟာ ဈေးလာညှိနှိုင်းပြီး ပုံမှန်လုပ်လေ့ရှိတဲ့ ကြော်ငြာရှင် အသေးစားတွေအပေါ်မှာ အာရုံစူးစိုက်လုပ်ရင်းနှင့် အင်တာနက်ကြော်ငြာလုပ်ငန်းကဏ္ဍမှာ ပြိုင်ဘက်မရှိလက်ဝါးကြီးအုပ် ကြီးစိုးနိုင်ခဲ့ပါတယ်။ မိုက်ကရိုဆော့ (Microsoft) ဟာ ကွန်ပျူတာ ဆော့(ဖ်)ဝဲဈေးကွက်ကို ချုပ်ကိုင်နိုင်သလို အင်တာနက်ကြော်ငြာလုပ်

ငန်းမှာလည်း ဂူးဂဲက ကြီးစိုးနိုင်ခဲ့ပါတယ်။

ဂူးဂဲဟာ တစ်ဟုန်ထိုးကျော်ကြားလာခဲ့တဲ့အတွက် တစ်ချိန်က လူတွေပါးစပ်ဖျားမှာ ရေပန်းစားကျော်ကြားခဲ့တဲ့ မိုက်ခရိုဆော့ကိုအစွဲပြု ပြီး ဂူးဂဲကိုမိုက်ခရိုဆော့လက်သစ်လို့ တောင်တင်စားကင်ပွန်းတပ်ခဲ့တဲ့ အထိ ဖြစ်လာခဲ့ပြီး မိုက်ခရိုဆော့ကတော့ နည်းပညာတစ်ဆင့်နိမ့်တဲ့ IBM အဆင့်ရောက်သွားသလိုမျိုး ဖြစ်ခဲ့ရပါတယ်။

ဂူးဂဲမှာ ယခု (ဤစာအုပ်ရေးသားချိန်) ဝန်ထမ်း ၂၀၀၀၀ လောက်ရှိပြီး လာရီနှင့် ဆာဂျီတို့ကသာ ဂူးဂဲရဲ့တိုးတက်ပြောင်းလဲမှု အရှိန်အဟုန်ကို ပဲ့ကိုင်ဦးဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကုမ္ပဏီကလူတွေ အားလုံးကလည်း လာရီနှင့်ဆာဂျီကို တစ်ယောက်တည်းလိုပဲ ရှုမြင်ကြပါ တယ်။ သူတို့နှစ်ယောက်ဟာ စက်တစ်ခုရဲ့ အစိတ်အပိုင်းနှစ်ခုလိုပါပဲ။ စီအီးအိုအဲရစ်ရှမစ်က အရောင်းမြှင့်တင်ရေးကို ဦးဆောင်တယ်ဆိုပေ မယ့် လာရီနှင့်ဆာဂျီတို့ရဲ့ ဆုံးဖြတ်ချက်တွေက အရောင်းတိုးတက်ရေး အတွက် အဓိကပံ့ပိုးမှုတွေ ဖြစ်ခဲ့ပါတယ်။ ကုမ္ပဏီကလူအားလုံးဟာ လာရီနှင့် ဆာဂျီတို့ကို ကုမ္ပဏီရဲ့အရေးအပါဆုံး၊ နောက်ဆုံးဆုံးဖြတ် ချက်တွေကို ချပေးနိုင်တဲ့မဟာလူသားတွေကဲ့သို့ ရှုမြင်ဆက်ဆံကြပါ တယ်။

ဆိုဗီယက်ယူနီယံရဲ့ ဖိနှိပ်ချုပ်ချယ်မှုအောက်က လွတ်လာတဲ့ သွက်လက်ဖျတ်လတ်စမတ်ကျတဲ့လူငယ်တစ်ယောက်နှင့် မစ်ချီဂန် ဒေသက စာတော်ပြီး စတိုင်မကျ ငွကျကျနေတတ်တဲ့လူငယ်တစ် ယောက်တို့ ပေါင်းစပ်ထားတဲ့အတွဲဟာ စီးပွားရေးပုံစံတော်လှန်ပြောင်း လဲမှုကြီးကို ဖန်တီးနိုင်မယ့်အတွဲဖြစ်လာမယ်လို့ ထင်စရာ မရှိခဲ့ပါဘူး။

၂၀၀၀ ခုနှစ်က သတင်းထောက် ဂျွန်အင်စ် (John Ince) က ဂူးဂဲရဲ့အကြီးဆုံးစိန်ခေါ်မှုဟာ ဘာဖြစ်သလဲလို့မေးတော့ ဆာဂျီက စီးပွားရေးလုပ်ငန်းတစ်ခုကို ဘယ်လို ထူထောင်ဆောင်ရွက်ရမလဲဆိုတဲ့

သင်ယူမှုပါပဲလို့ ဖြေကြားခဲ့ပါတယ်။ အခက်ခဲဆုံးအပိုင်းကတော့ အဖွဲ့ အစည်းဆိုင်ရာစိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းတတ်ဖို့ သင်ယူမှု အပိုင်းပဲ ဖြစ်ပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ အခက်ခဲဆုံးအပိုင်းကတော့ အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းတတ်ဖို့ သင်ယူမှု အပိုင်းပဲ ဖြစ်ပါတယ်လို့ ဆက်ပြောခဲ့ပါတယ်။ ကျွန်တော်တို့ ဂူးဂဲမှာ ယခုလုပ်သား ၇၀ လောက်ရှိပြီး ၄င်းတို့ကို ကိုယ့်လုပ်ငန်းကို အာရုံ စိုက်ပြီး တိုးတက်အောင်လုပ်ဖို့ ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ ကျွန် တော်တို့ ခုထိ မသိသေးပါဘူးလို့ ပြောပါတယ်။ ဒီလုပ်ငန်းဟာ ရိုးရိုးသင် ယူမှုဖြစ်စဉ်ထက်ပိုမိုခက်ခဲပြီး စီးပွားရေးလုပ်ငန်းကိုင်တွယ်ဖြေရှင်းမှု ဟာ သူတို့အတွက် အသစ်အဆန်းတစ်ခုဖြစ်နေပါတယ်လို့ ပြောခဲ့ပါ တယ်။ သို့သော်လည်း သူတို့ဟာ အင်တာနက်စီးပွားရေးလုပ်ငန်းရဲ့ ဥပဒေသတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပြောင်းလဲပစ်နိုင်ခဲ့သလို အင် တာနက်စီးပွားရေးကိုလည်း ပြန်လည်ရှင်သန်လာအောင် လုပ်နိုင်ခဲ့ပါ တယ်။

ဂူးဂဲရဲ့အောင်မြင်မှုဟာ အများထင်သလို အသစ်အဆန်း တီထွင်မှုမှာ အခြေခံတယ်ဆိုတာ မဟုတ်ပါဘူး။ ဂူးဂဲရဲ့ ကနဦး 'ဆာ့(ချ်) အင်ဂျင်' ဟာ ပြိုင်ဘက်ကုမ္ပဏီတွေထက် နည်းပညာအားသာမှု မရှိခဲ့ပါ ဘူး။ လာရီနှင့် ဆာဂျီတို့ရဲ့ အတွေးအခေါ်က အားသာခဲ့လို့ ပြိုင် ဘက်ကုမ္ပဏီတွေထက် ရှေ့ရောက်ခဲ့ရတာ ဖြစ်ပါတယ်။ သူတို့ရဲ့ အတွေး အခေါ်ကတော့ ရိုးရှင်းပါတယ်။ ကြွက်ထောင်ချောက်ပုံစံက အရေး မကြီးပါဘူး။ ကြွက်မိဖို့က အဓိကပါဆိုတဲ့ သဘောတရားဖြစ်ပါတယ်။ အဲဒီ သဘောတရားကိုအခြေခံပြီး၊ ကြွက်မိနိုင်တဲ့လုပ်ငန်းစဉ်နည်းလမ်း တွေကို ပြည့်ပြည့်စုံစုံ ထပ်ခါထပ်ခါ စဉ်းစားတွေးခေါ်နိုင်ခဲ့ပြီး မှန်ကန်တဲ့ စီးပွားရေးလမ်းကြောင်းကို ရောက်ခဲ့ရတာ ဖြစ်ပါတယ်။ သူတို့ရဲ့ စီးပွားရေးအတွေးအခေါ်နှင့်လုပ်ငန်းစဉ်များဟာ သမားရိုးကျစီးပွားရေး လုပ်ငန်းစဉ် အတော်များများကို

ပြောင်းပြန်လှန်ပစ်နိုင်ခဲ့ကြပါတယ်။

သူတို့ရဲ့ စီးပွားရေးပုံစံသစ်ဟာ ကွန်ပျူတာဆော့(ဖ်)ဝဲ (Software)၊ ဟာ့ဒ်ဝဲ (Hardware)၊ တယ်လီကွန်းဆက်သွယ်မှုစနစ် (Telecommunication)၊ စာအုပ်ထုတ်လုပ်ငန်း၊ အသံလွှင့်စနစ်နှင့် ဖျော်ဖြေ ရေးတို့ အကျိုးဝင်တဲ့ခေတ်မီစက်မှုလုပ်ငန်းတွေကို လုံးဝပုံစံပြောင်းလဲ ပစ်နိုင်ခဲ့ပါတယ်။ သောမတ်အယ်ဒီဆင် (Thomas Edison) ရဲ့ လျှပ်စစ် မီးသီးတီထွင်မှုက စက်မှုတော်လှန်ရေးကြီးဖြစ်ပေါ်မှုအတွက် အထောက် အပံ့ဖြစ်သကဲ့သို့ပင် လာရီနှင့်ဆာဂျီတို့ဟာလည်း သတင်းနည်းပညာ တော်လှန်ရေးကြီးကို ဖြစ်ပေါ်စေခဲ့ပြီး၊ အင်တာနက်လုပ်ငန်းကိုလည်း စီးပွားဖြစ်လုပ်ငန်းအဖြစ် ပြောင်းလဲဖြစ်နိုင်ခဲ့သူတွေ ဖြစ်ပါတယ်။

သို့သော်လည်း တော်လှန်ရေးဆိုတာ လွယ်လွယ်ကူကူချောချော မွေ့မွေ့နှင့်တော့ပြီးသွားတာ မဟုတ်ပါဘူး။ စီးပွားရေးပုံစံတော်လှန် ရေးဟာ ကျူးကျော်ဝင်ရောက်လာတဲ့ စစ်တပ်ကြီးနှင့် ပုံစံတူပါတယ်။ ကျူးကျော်ဝင်ရောက်လာတဲ့စစ်တပ်ကလည်း လမ်းမှာတွေ့သမျှ လုယူ သိမ်းပိုက်ခဲ့ကြသလို သူတို့ကလည်း တော်လှန်ရေးဖြစ်စဉ်လမ်းကြောင်း မှာရှိတဲ့ ကုမ္ပဏီတွေကို သိမ်းပိုက်ခဲ့ကြတယ်။ နာလန်မထူနိုင်အောင် လည်း ထိုးနှက်ခဲ့ကြတယ်။ အဖွဲ့အစည်းတစ်ခုရဲ့ တော်လှန်ရေးဟာ အခြားအဖွဲ့အစည်းကော်ပိုရေးရှင်းတစ်ခုအတွက်တော့ အကြမ်းဖက် သမားပါပဲ။ ဂူးဂဲကို ကြိုက်တဲ့ပရိသတ်တွေကတော့ ဂူးဂဲကို ဂူလတ် အလုပ်ကြမ်းစခန်းက လူတွေထကြွပုန်ကန်အောင် လှုံ့ဆော်ပေးတဲ့ လွတ် မြောက်ရေးလှုပ်ရှားမှုသူရဲကောင်းသောမတ်ဂျက်ဖာဆန် (Thomas Jefferson) နှင့် နှိုင်းယှဉ်ပြောလေ့ရှိကြပါတယ်။ သမိုင်းအရင်းရှင်များ က ဆိုဗီယက်တပ်နီတော်ရဲ့ ရန်လိုမှုတွေကို တွန်းလှန်တိုက်ဖျက်ခဲ့ကြ သလိုပဲ ဂူးဂဲရဲ့ပြိုင်ဘက်တွေကလည်း ဂူးဂဲကို ဂျိုးဇက်စတာလင် (Joseph Stalin) နှင့် နှိုင်းယှဉ်ရှုမြင်ပြီး

ဝိုင်းဝန်းဆန့်ကျင်တိုက်ခိုက်ကြဖို့ လှုပ်ရှားခဲ့ကြပါတယ်။

ဂူးဂဲရဲ့ပြိုင်ဘက်များ၊ ဟောလီဝုဒ်အမှုဆောင်အရာရှိများ၊ စာအုပ်ထုတ်ဝေသူများ၊ မူပိုင်ခွင့်ရှိသူများ၊ လုံခြုံရေးဆိုင်ရာရှေ့နေများ၊ နိုင်ငံသားအခွင့်အရေးလှုပ်ရှားသူများနှင့် အစိုးရစနစ်ထိန်းအရာရှိများ (Government Regulators) ကတော့ ဂူးဂဲကိုတန်ခိုးအာဏာ ကြီးမားပြီး လျှို့ဝှက်တတ်သော ရှုရှားသမ္မတ ဘရက်ဇနက်နှင့် နှိုင်းယှဉ်ရှုမြင်ကြပြီး ၎င်း တို့ဟာ လူကြမ်းကြီးဘရက်ဇနက်နှင့်တူတဲ့ ဂူးဂဲရဲ့ခြောက်လှန့်မှုကို ခံနေကြရပါတယ်လို့ ပြောဆိုနေခဲ့ကြပါတယ်။

သူမတူတဲ့စွမ်းအားရှင် ဂူးဂဲ

ဂူးဂဲမှာ ကြီးမားတဲ့အင်အားနှစ်ရပ်ရှိပါတယ်။ ဒါပေမဲ့ အဲဒီ အင်အားတွေကို ဘယ်သူကမှ ထိုက်ထိုက်တန်တန် တန်ဖိုးထားကြရမှန်း မသိခဲ့ကြပါဘူး။ ဂူးဂဲမှာ 'ဆော့ဖ်ဝဲ' နှင့်ပတ်သက်တဲ့အလုပ် သိပ်မရှိပါ ဘူး။ သူ့အဓိကအလုပ်က အင်တာနက်လွှမ်းမိုးတဲ့ ယဉ်ကျေးမှုတည် ဆောက်ရေးနှင့် ပြိုင်ဘက်ကင်းတဲ့ ကွန်ပျူတာစွမ်းအားတွေတီထွင်ဖို့ ဖြစ်ပါတယ်။

ဂူးဂဲက အောင်မြင်မှုကြီးမားလွန်းသော်လည်း ကုမ္ပဏီအမှု ဆောင်လူကြီးတစ်ဦးတစ်ယောက်ကိုမှ စာရင်းဇယားဖန်တီးထားမှု အတွက် တရားစွဲဆိုမှုမခံရခြင်းသည်ပင်လျှင် အငြင်းပွားစရာပြဿနာ တစ်ခု ဖြစ်လာခဲ့ပါတယ်။ ဂူးဂဲဟာ ၎င်းတို့လုပ်တဲ့လုပ်ငန်းများအပေါ် လူမှုကျင့်ဝတ်အရ အကောင်းလား၊ အဆိုးလားဟု ခွဲခြားရှုမြင်ခြင်းကပင် ကုမ္ပဏီကို ပြန်ပြီးဒုက္ခပေးသလိုအဖြစ်မျိုးတွေလည်း ကြုံတွေ့ခဲ့ရပါ တယ်။ ဂူးဂဲရဲ့ စီးပွားရေးလောကကြီးတစ်ခုလုံးကို အလုံးအရင်းနှင့် တစ်ဟုန်ထိုးပြောင်းလဲစေခြင်းကပင် အခြားကော်ပိုရေးရှင်းများ၏ ဒေါသစိတ်ကို ဆွပေးသလိုဖြစ်ခဲ့ရပါတယ်။ လုပ်ရိုးလုပ်စဉ်အတိုင်းသွား

နေတဲ့ကုမ္ပဏီကြီးများကတော့ ဂူးဂဲရဲ့လျင်မြန်လွန်းတဲ့စီးပွားရေးပုံစံ အပေါ်မှာ ကြောက်စိတ်များပင် ဝင်လာခဲ့ကြပါတယ်။ ယင်းမြန်ဆန် လွန်းတဲ့ပြောင်းလဲမှုကြီးကိုတန့်သွားဖို့ ကြိုးစားသူမှန်သမျှဟာ ဂူးဂဲကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြပါတယ်။ သို့သော်လည်း ဒီစီးပွားရေး တိုက်ပွဲမှာ ဒီရေလှိုင်းကို သဲခုံများက တားဆီးမရနိုင်သလိုဘဲ ဂူးဂဲရဲ့ အရှိန်အဟုန်နှင့် ပြောင်းလဲမှုကို တားဆီးမရခဲ့ကြပါဘူး။ တားဆီးသူ တွေကလည်း ဖွဲ့မလျှော့ဘဲ ဆက်လက်ကြိုးပမ်းခဲ့ကြပါတယ်။

လာရီနှင့်ဆာဂျီတို့ကတော့ ရန်သူဘယ်လောက်များများ အလျှော့မပေးဘဲ ၄င်းတို့မျှော်မှန်းတဲ့ အင်တာနက်စွမ်းအားဖြင့် ပိုမို ကောင်းမွန်တဲ့ကမ္ဘာကြီးဖြစ်ပေါ်လာဖို့ ရှေးရှုပြီး မဆုတ်မနစ်ကြိုးပမ်း ခဲ့ကြပါတယ်။

၄င်းတို့မှာလည်း ထောက်ခံသူအတော်များများရှိပြီး ကမ္ဘာ ကျော်ပုဂ္ဂိုလ်များအထိပင် ၄င်းတို့အားထောက်ခံအားပေးခဲ့ကြပါတယ်။ အမေရိကန် ဒုသမ္မတအယ်ဂိုး (Al Gore)၊ စီးပွားရေးဂုရုရစ်ချတ်ဘရန် ဆန် (Richard Branson) နှင့် ဆန်ဖရန်စစ္စကိုမြို့တော်ဝန် ဂေဗင် နယူဆမ် (Gavin Newsom) တို့ကဲ့သို့သော နာမည်ကျော်ပုဂ္ဂိုလ်များပင် ၄င်းတို့၏ မိတ်ဆွေများဖြစ်ခဲ့ကြပါတယ်။ အထက်ပါပုဂ္ဂိုလ်များဟာလည်း အမေရိကန်သမ္မတဘားရက်အိုဘားမား (Barack Obama) ကို ထောက် ခံသူပရိသတ်များ ဖြစ်ကြပါတယ်။ လာရီနှင့် ဆာဂျီတို့လည်း ကမ္ဘာ ကျော်ပုဂ္ဂိုလ်များအဆင့်ထိ တက်လှမ်းနိုင်ခဲ့ကြပါတယ်။ မြို့တော်ဝန် ဂေဗင်နယူဆမ်ဟာ လာရီနှင့် ဆာဂျီတို့ရဲ့ အောင်မြင်နေတဲ့လုပ်ငန်းတွေ ကို အထင်ကြီးသူများထဲတွင် တစ်ဦးအဖြစ် ပါဝင်ပါတယ်။ နယူဆမ်က ဂူးဂဲဟာ ဘဝတစ်သက်တာမှာ ရှားရှားပါးပါးတွေ့ခဲ့ရတဲ့ အသွင် သဏ္ဍာန်တစ်ခုဖြစ်ပါတယ်ဟုပင် မှတ်ချက်ပြုခဲ့ပါတယ်။ နယူဆမ်ကပဲ ဆက်ပြီး ''ကျွန်တော် သူတို့ကို ချစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ဟာ ကမ္ဘာကြီးကို ကောင်းမွန်တဲ့အရာတွေ ဖြန့်ဝေပေးချင်တဲ့တာဝန်သိ စိတ် နက်နက်ရှိုင်းရှိုင်းရှိနေပြီး

သူတို့ရဲ့မွှန်မြတ်တဲ့ရည်မှန်းချက်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ အရည်အချင်းရှိတဲ့သူတွေ ဖြစ်လို့ပါပဲ'' လို့ ပြောခဲ့ပါတယ်။ သူတို့ဟာ လူတွေရဲ့ဘဝကို နေပျော် တဲ့ဘဝအဖြစ် ဖန်တီးချင်စိတ်ပြင်းပြတဲ့သူများဖြစ်တယ်။ အဲဒီ စိတ်ဆန္ဒ တွေကပဲ သူတို့ရဲ့လုပ်ငန်းတွေကို အောင်မြင်စေခဲ့ခြင်းဖြစ်ပါတယ်လို့ နယူဆမ်က မှတ်ချက်ပြုခဲ့ပါတယ်။

သူတို့ဟာ အမှားကင်းတဲ့သူတွေတော့ မဟုတ်ပါဘူး။ သူတို့က တန်ခိုးရှင်သူတော်စင်တွေမှ မဟုတ်တာပဲ။ သူတို့ဟာ အဲဒီ အမှားတွေ လုပ်ရင်းနှင့်ပဲ အမှန်တွေတွေ့ပြီး သူတို့ရဲ့ ပြိုင်ဘက်တွေကို အနိုင်ယူနိုင် ခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် သူတို့ဟာ သူတို့ရဲ့စီအီးအိုတွေ၊ အစုရှယ် ယာရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်သူတွေ နှင့် ဝေါစထရိ (Wall Street) လိုမျိုး စတော့ရှယ်ယာဈေးကွက်တွေကို လည်း စိတ်ညစ်အောင်၊ စိတ်ရှုပ်ထွေးအောင် လုပ်ခဲ့ဖူးပါတယ်။

အလွန်အန္တရာယ်များတဲ့ စီးပွားရေးလက်ဝါးကြီးအုပ်မှုကို သူတို့ မှာရှိတဲ့ ကြီးမားတဲ့စွမ်းအားအပြည့်နှင့် ဖန်တီးခဲ့ကြတယ်လို့ သူတို့ရဲ့ပြိုင် ဘက်တွေက စွပ်စွဲခဲ့ကြပါတယ်။ အဲဒီ စွပ်စွဲမှုကိုပိုဆိုးစေတာကတော့ သူတို့ဟာ ဘာပဲလုပ်လုပ် သူများကိုမယုံကြည်စိတ်နှင့် လျှို့ဝှက်တတ်ကြ တယ်၊ လူသူထဲ လူလုံးမပြကြဘူး။ သတင်းသမားတွေနှင့်လည်း အင်တာ ဗျူး လုပ်ခဲ့လေ့မရှိကြဘူး။ ဒါကြောင့် သူတို့ဟာ ဘာကြောင့်ထင်ရှား ကျော်ကြားနေသလဲဆိုတာ တော်တော်အသိရခက်တဲ့ပဟေဠိပုစ္ဆာတစ်ခု ဖြစ်ခဲ့ပါတယ်။ အက်ပဲ (Apple) ရဲ့ စတိ(ဗ်) ဂျော့ (Steve Jobs) တုန်းကလဲ ဒီလိုဖြစ်ခဲ့ဖူးပါတယ်။ စတိ(ဗ်)ဂျော့ ပြီးရင် သူတို့က ဒုတိယ ပုဂ္ဂိုလ်တွေပါ။ သူတို့မှာ စတိ(ဗ်)ဂျော့နှင့် မတူတာလည်း ရှိပါတယ်။ အဲဒါကတော့ သာမန်လူတွေနှင့်ဆက်ဆံရာမှာ ရှက်သလိုကြောက် သလိုနှင့် ခွကျကျပုံစံမျိုးတွေ ဖြစ်နေကြပါတယ်။ ဒါပေမဲ့ သူတို့အ ကြောင်းကို ကောင်းကောင်းသိကြတဲ့လူတိုင်းနီးပါးလောက်က သူတို့ အတွက်

အလုပ်လုပ်ပေးကြပါတယ်။ တစ်ချိန်က ဆာ့(ရ်)Search ကုမ္ပဏီတစ်ခုဖြစ်တဲ့ လိုင်ကို့စ် (Lycos) ရဲ့စီအီးအိုရောဘတ်ဒေဗီး (Robert Dawies) က 'ကျွန်တော် ဒီအင်တာနက်စီးပွားရေးလုပ်ငန်းမှာ မတွေ့ဘူးသေးတဲ့လူဆိုလို့ သူတို့ပဲ ရှိပါတယ်ဗျာ။ ဘယ်လောက် အံ့အား သင့်ဖို့ကောင်းသလဲ' လို့ ဆိုပြီး မှတ်ချက်ပြုခဲ့ပါတယ်။

လာရီနှင့်ဆာဂျီတို့အဖို့ကတော့ သူတို့ရဲ့အိမ်ထောင်ဖက်ကလွဲ ရင် ဂူးဂဲဟာ သူတို့ဘဝပါပဲ။ လာရီရဲ့ အိမ်ထောင်ဖက်ဟာ စတင်းဖို့(ဒ်) တက္ကသိုလ်ကြီးမှာ သတ္တဗေဒဆေးပညာဆိုင်ရာဒေါက်တာဘွဲ့အတွက် သုတေသနလုပ်ခဲ့တဲ့ လူစီဆော့(သ်)ဝပ်(ဒ်) (Lucy Southword) ပါ။ လူစီကလည်း လာရီလိုပဲ တောင်အာဖရိကနိုင်ငံမှာ ဆေးပညာဆိုင်ရာ အလုပ်တွေလုပ်ရင်း သာလွန်ကောင်းမွန်တဲ့ ကမ္ဘာကြီးတည်ဆောက် လိုသူတစ်ဦး ဖြစ်ပါတယ်။ (သူတို့ဟာ အာရေဘီယံဒေသနက်ကာ Necker ကျွန်းမှာရှိတဲ့ ရစ်ချတ်ဘရင်ဆန်ရဲ့ခြံကြီးထဲမှာ လက်ထပ်ခဲ့ကြ ပါတယ်။)

ဆာဂျီကတော့ ဂူးဂဲရဲ့ရင်းနှီးမြှုပ်နှံမှုရှိတဲ့ 23 & Me ကုမ္ပဏီက သတ္တဗေဒနည်း ပညာဆိုင်ရာစိစစ်လေ့လာသူ အင်းန်ဂိုစစ်ကီ (Anne Wojcicki) နှင့် လက်ထပ်ခဲ့ပါတယ်။ (သူတို့ရဲ့လက်ထပ်ပွဲကတော့ ဘဟားမားကျွန်းသဲသောင်ခုံတစ်ခုပေါ်မှာ လုပ်ဖြစ်ခဲ့ပါတယ်။ မင်္ဂလာပွဲ တက်ရောက်ခဲ့သူတွေက ရေကူးပြီးလာရင်ရသလို လှေစီးပြီးလာရင် လည်း ရတယ်လို့ ဆိုပါတယ်။) အင်း(န်)ရဲ့ အစ်မ ဆူစန် (Susan) က လည်း ဂူးဂဲရဲ့အမှုဆောင်အရာရှိတစ်ဦးဖြစ်ပြီး လာရီနှင့်ဆာဂျီတို့ဟာ သူမရဲ့ကားဂိုဒေါင်ကိုငှားရမ်းပြီး အဲဒီ အထဲမှာပဲ သူတို့ရဲ့လုပ်ငန်းတွေကို စတင်ခဲ့ကြတာဖြစ်ပါတယ်။

ဂူးဂဲသတင်းထုတ်ပြန်မှု ကပ်စေးနဲ့ခြင်းကို သတင်းမီဒီယာ သမားလောကမှာ ဟာသပြောစရာတစ်ခုဖြစ်လာခဲ့ပါတယ်။ ဆန်ဖရန်

စစ္စကိုကရိုနီကယ် (San Francisco Chronicle) က ဆာဂျီရဲ့ လက်ထပ်တော့မယ့်သတင်းကိုဖော်ပြဖို့ ဂူးဂဲကိုအကြောင်းကြားခဲ့စဉ်က ဂူးဂဲရဲ့ ပြောရေးဆိုခွင့်ရှိသူက ဆန်ဖရန်စစ္စကိုကရိုနီကယ်ရဲ့ဥက္ကဋ္ဌ ဖီးဘရောန် စတိုင်း (Phil Bronstein) ကို 'ခင်ဗျားတို့ အဲဒါလုပ်ရင်တော့ ဂူးဂဲ ကုမ္ပဏီနှင့်ဆက်ဆံရေးထိခိုက်လိမ့်မယ်' လို့ ပြောတဲ့ထိ ဖြစ်ခဲ့ဖူးပါတယ်။ ဖီးကတော့ အံ့အားသင့်စွာနှင့် 'ဘာဆက်ဆံရေးလဲ' လို့ပဲ တုံ့ပြန် ပြောဆို နိုင်ခဲ့ပါတယ်။

## တစ်ခါတစ်ရံ ဆိုးသွမ်းဟန်ရှိတဲ့ ဂူးဂဲ

ပွင့်လင်းမှုမရှိဘဲ လျှို့ဝှက်တတ်တဲ့ကုမ္ပဏီတွေဟာ မရိုးသားမှု တစ်ခုခုလုပ်ထားလို့ လျှို့ဝှက်နေကြတယ်လို့ လူတွေကထင်နေကြပါ တယ်။ ဂူးဂဲက ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက် သိရခက်တဲ့ အဖွဲ့ အစည်းဖြစ်သလို သူ့ကိုတည်ထောင်ခဲ့သူများကိုယ်တိုင်ကလည်း လျှို့ ဝှက်တတ်ကြပါတယ်။ ဂူးဂဲရဲ့ထုတ်လုပ်မှုနည်းပညာတွေကို အသုံးပြုတဲ့ သူတွေအတွက် ကုမ္ပဏီအပေါ်မှာ စိတ်ချယုံကြည်မှုရှိရမှာဖြစ်ပေမယ့် သူတို့ရဲ့လျှို့ဝှက်မှုက သုံးစွဲသူတွေကို ထင်ယောင်ထင်မှားဖြစ်စေခဲ့ပါ တယ်။ ဂူးဂဲဟာ ရိုးသားသန့်ရှင်းတဲ့ကုမ္ပဏီမှ ဟုတ်ပါရဲ့လား ဆိုတဲ့ သံသယတွေ ဝင်လာခဲ့ပါတယ်။ ပိုဆိုးတဲ့အချက်က ဂူးဂဲမှာမရေတွက်နိုင် လောက်အောင် များပြားတဲ့သတင်းအချက်အလက်တွေ၊ ပုဂ္ဂိုလ်ရေး အချက်အလက်တွေရှိနေပြီး ဂူးဂဲဟာ ဒီအချက်အလက်တွေကို ကွန်ပျူတာ ဟက်ကာများ၊ အစိုးရစုံထောက်များ၊ အင်တာနက်ကြော်ငြာတွေကို အီးမေးပို့သူများ၏ လက်ထဲသို့မရောက်အောင် ကာကွယ်နိုင်စွမ်းရှိတယ် ဆိုတဲ့အချက်ကို ဂူးဂဲကိုအသုံးပြုသူတွေက ယုံကြည်မှုရှိဖို့လိုအပ်ပါတယ်။ ဂူးဂဲကို အသုံးပြုသူများက ဂူးဂဲဟာမဟုတ်တာမလုပ်ပါဘူးဆိုတာကိုပဲ ကြားချင်ကြပါတယ်။

ဂူးဂဲဟာ အခြားနာမည်ဆိုးထွက်တဲ့ကုမ္ပဏီတွေလိုမျိုးတော့ မဟုတ်ပါဘူး။

ဂူးဂဲဟာ စတော့ရှယ်ယာအရှုပ်အထွေးဇာတ်လမ်းတွေမှာ လည်း ပါဝင်ခဲ့ဖူးခြင်း မရှိပါဘူး။ ဂူးဂဲရဲ့အမှုဆောင်အရာရှိတွေထဲက တစ်ဦးတစ်ယောက်မှ အစိုးရက ခေါ်ယူစစ်ဆေးခံခဲ့ရတာ လည်း မရှိခဲ့ဖူး ပါဘူး။ ငွေကြေးကိစ္စလိမ်လည်ဖော်ပြတာလဲ မရှိခဲ့ဖူးပါဘူး။ စတော့ ရောင်းချမှုမှာလည်း နောက်ပြန်နေ့စွဲတပ်ပြီး လိမ်ညာမှုမပြုခဲ့ဖူးပါဘူး။

လာရီနှင့်ဆာဂျီတို့ဟာ လွတ်လပ်စွာသတင်းဖြန့်ချိမှုမှာ သူတို့ ရဲ့စံနှုန်း၊ သူတို့ရဲ့ယုံကြည်မှုတွေကြောင့်သာ တရားရုံးကိုရောက်ကြရတဲ့ အကြိမ်က များလာပါတယ်။ အဲဒီ အတွက် လွန်ခဲ့တဲ့ ၇ နှစ်ခန့်က ကုမ္ပဏီ မှာ ဥပဒေအရာရှိတစ်ယောက်သာရှိခဲ့ရာမှ ယခုဆိုလျှင် တစ်ရာကျော် လောက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ အစုရှယ်ယာရှင်များ အစည်းအဝေး တစ်ခုမှာ ရှယ်ယာတစ်ဦးက 'အခုတလော ကုမ္ပဏီက ဘယ်အမှုတွေနှင့် တရားရုံးကို ရောက်နေရပါသလဲ' လို့ မေးတဲ့အခါ ဂူးဂဲရဲ့ဥပဒေအရာ ရှိချုပ်က 'ခင်ဗျားနားထောင်ဖို့ အချိန်ဘယ်လောက်ရှိပါသလဲ ခင်ဗျား' လို့ ပြန်မေးခဲ့ရတဲ့အထိ ဖြစ်ပါတယ်။

ဂူးဂဲဟာ တကယ်မရိုးသားတဲ့ကုမ္ပဏီများဖြစ်နေပြီလားဆိုတဲ့ မေးခွန်းက အဲဒီ အချိန်မှာ လူအများစုက သိလိုနေကြတဲ့အချက်ဖြစ်ခဲ့ ပါတယ်။ သူတို့ရဲ့ပြိုင်ဘက်တွေ၊ မူပိုင်ခွင့် ပိုင်ရှင်တွေနှင့် အခြားပုဂ္ဂိုလ်များ ကလည်း ဂူးဂဲဟာ မရိုးသားတော့ဘူးလို့ ထင်ခဲ့ကြပါတယ်။ ဘာကြောင့် လဲဆိုတော့ ဂူးဂဲဟာသူတို့ရဲ့ဘဏ္ဍာရေးဆိုင်ရာ အခြေခံအချက်တွေနှင့် ပတ်သက်ပြီး ကျင့်ဝတ်ဖျက်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ လျှို့ဝှက်ချက် ဖောက်ဖျက်မှုဆိုင်ရာ ရှေ့နေများကလည်း ဂူးဂဲဟာမရိုးသားဘူးလို့ဘဲ ထင်ခဲ့ကြပါတယ်။ အကြောင်းရင်းကတော့ ဂူးဂဲမှာ မယုံကြည်နိုင် လောက်အောင် များပြားတဲ့လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အချက်အလက် များ ရှိနေခဲ့လို့ပဲ ဖြစ်ပါတယ်။

လူတိုင်းနီးပါးလောက်ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်တွေ

လျှို့ဝှက်ချက်တွေကို ကိုင်ထားနိုင်တဲ့ကြီးမားပြီးအားကောင်းတဲ့ ကုမ္ပဏီ တစ်ခုကို ယုံကြည်ထားဖို့ရန်မှာ တော်တော်ခက်ခဲမယ်ဆိုတာ တွေးကြည့် ရုံနှင့် သိနိုင်ပါတယ်။ ဂူးဂဲရဲ့သတင်းအချက်အလက် လုံခြုံရေးစိတ်မချ ရမှုဖြစ်စဉ်တစ်ခု ရှိခဲ့ဖူးပါတယ်။ ကွန်ပျူတာဟက်ကာများက ပုဂ္ဂိုလ်ရေး အချက်အလက်တွေကို ဂူးဂဲမှ ရရှိသွားတဲ့ဖြစ်ရပ် ဖြစ်ပါတယ်။ အဲဒီ အတွက်လည်း ဂူးဂဲရဲ့ ကောင်းသတင်းကျော်စောမှုဟာ ကျဆင်းခဲ့ရပါ တယ်။ လာရီနှင့်ဆာဂျီတို့အပေါ်မှာလည်း များပြားတဲ့သတင်းအချက် အလက်တွေကို ကောင်းမွန်စွာထိန်းသိမ်းထားနိုင်ပါ့မလားဆိုတဲ့ သံသယ တွေ ရှိလာခဲ့ပါတယ်။ ဒီအချက်ကိုလည်း ဂူးဂဲက သံသယမရှိကြဖို့ ခိုင်ခိုင် မာမာ မဖြေရှင်းနိုင်ခဲ့ပါဘူး။ ဂူးဂဲရဲ့ အမှားတစ်ချက်က တစ်သက်တာ နာမည်ဆိုးရသွားနိုင်ပါတယ်။

လာရီနှင့် ဆာဂျီတို့ဟာ ၁၉၈၀ ပြည့်နှစ်များအတွင်းက အမေရိကန်သမ္မတလောင်း ဂယ်ရီဟတ် (Garry Hart) အဖြစ်မျိုးနှင့် လည်း ကြုံတွေ့ရနိုင်တဲ့အခြေအနေမှာ ရှိနေပါတယ်။ ဂယ်ရီဟတ်က သတင်းထောက်များနှင့်တွေ့ရာမှာ သတင်းထောက်တွေကို သူ့ရဲ့ မကောင်းတဲ့လုပ်ရပ်များရှိခဲ့လို့ရှိရင် ထောက်ပြပါလို့ ရဲရဲဝံ့ဝံ့စိန်ခေါ်ခဲ့ ပါတယ်။ သတင်းထောက်တွေကလည်း သူ့ရဲ့လူမှုရေးဖောက်ပြန်ရှုပ် ထွေးမှုတစ်ခုကို ချက်ချင်းပင်ဖော်ထုတ်ထောက်ပြနိုင်ခဲ့တဲ့အတွက် ဂယ်ရီဟတ်ရဲ့ သမ္မတမျှော်မှန်းချက်ဟာ သဲထဲရေသွန်ဖြစ်ခဲ့ရပါတယ်။

ဂူးဂဲဟာ ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့အချက်အလက်တွေ ပိုမိုများ ပြားစွာ စုဆောင်းလာနိုင်တာနှင့်အမျှ သူဟာ မည်သူ့ကိုဖြစ်ဖြစ် ဒုက္ခ ပေးနိုင်တဲ့ ဂျော့အော်ဝဲ (G. Orwell) ရဲ့ ၁၉၈၄ စာအုပ်ထဲက ကြောက် စရာအစ်ကိုကြီး (Big Brother) ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဂူးဂဲဟာ မကောင်းတာတွေ၊ မမှန်ကန်တာတွေ လုပ်လာနိုင်တယ်ဆိုတဲ့အချက်ကို လူတွေက တွေးတောပူပင်နေခဲ့ကြတာပါ။ လက်တွေ့မှာတော့ ဂူးဂဲဟာ ဘာတွေမမှန်တာ၊

ဘယ်မကောင်းတာတွေလုပ်နေတယ်ဆိုတာ ဘယ်သူ မှတိတိကျကျ ထောက်မပြနိုင်ကြပါဘူး။ တစ်ခုပဲ ပြောစရာရှိတာက ဂူးဂဲဟာ ၂၀၀၈ ခုနှစ်မှာ Web Browser တင်လိုက်ပါတယ်။ အစက တော့ ဂူးဂဲက Web Browser ဈေးကွက်ကိုစိတ်မဝင်စားဘူးလို့ ပြောခဲ့ တဲ့ကုမ္ပဏီ ဖြစ်ပါတယ်။ ဒီလုပ်ရပ်ကို လူတွေက ဂူးဂဲရဲ့လိမ်ညာတဲ့လုပ် ရပ်အဖြစ် မကောင်းမြင်ခဲ့ကြပါတယ်။

e week မှာ 'Google Watch' ဘလော့ဂ်တွေရေးတဲ့ ကလင်ဘူ တန် (Clint Boulton) က မိုက်ကရိုဆော့ရဲ့ Browser နယ်ပယ်ကို ဂူးဂဲက ထိုးဖောက်ဝင်ရောက်လာခြင်းကပင် ဂူးဂဲဟာ မလုပ်သင့်သော အပြစ်ဖြစ်သောလုပ်ရပ်ကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်လို့ စွပ်စွဲပြော ဆိုခဲ့ပါတယ်။ ဂူးဂဲဟာ ဆာ(ချ်) အင်ဂျင် (Search Engine) လုပ်ငန်းမှာ ထူးထူးခြားခြားအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဒီလုပ်ငန်းနယ် ပယ်မှာ အခြားပြိုင်ဘက်ကုမ္ပဏီများအပေါ် လွှမ်းမိုးဦးဆောင်နိုင်တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ ဒီလိုအခြားကုမ္ပဏီများအပေါ်မှာ ပြတ်ပြတ်သား သား လွှမ်းမိုးဦးဆောင်နိုင်ဖို့ဆိုတာကလည်း တော်တော်ခဲယဉ်းတဲ့စွမ်း ဆောင်နိုင်မှု ဖြစ်ပါတယ်။ ဒီလိုအခြားကုမ္ပဏီများအပေါ်မှာ လွှမ်းမိုးဦး ဆောင်နိုင်တာနှင့်ပဲ ယင်းကုမ္ပဏီကို စီးပွားရေးလက်ဝါးကြီးအုပ်ကုမ္ပဏီ လို့ မသတ်မှတ်သင့်ပါဘူး။ သို့သော် စီးပွားရေးလောကရဲ့ကျင့်ထုံးဥပဒေ များမှာတော့ ဒီလိုလွှမ်းမိုးကြီးစိုးတာဟာ လက်ဝါးကြီးအုပ်ခြင်းဖြစ်တယ် ဟု သတ်မှတ်ပြီး ယင်းကုမ္ပဏီကို လူဆိုးစာရင်းသွင်းတတ်ကြပါတယ်။ ဒီအင်တာနက်လောကမှာ အများကိုလွှမ်းမိုးနိုင်တဲ့အင်အားကြီး ကုမ္ပဏီ တစ်ခု ဖြစ်ဖို့ဆိုတာ မဖြစ်နိုင်လောက်အောင်ကို ခဲယဉ်းပါတယ်။ အဲဒါကို ဂူးဂဲက ဖြစ်အောင် လုပ်ပြီး၊ ဝက်(ဘ်)ဝန်ဆောင်မှု (Web Service) ပေးရန်Web Browser တင်လိုက်တာနှင့် ပဲ ဂူးဂဲကို ဆိုးသွမ်းတဲ့၊ မကောင်းတဲ့ ကုမ္ပဏီလို့ မသတ်မှတ်သင့်ပါဘူးလို့ ဘူတန်ကပဲ ဆက် ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဘူတန်ကပဲ နောက်ဘလော့(ဂ်)တစ်ခုမှာ

''ကုမ္ပဏီတစ်ခုဟာ သိပ်ကြီးလာရင် သူ့ရဲ့လည်ပတ်နေတဲ့ယန္တယား အတွက် ငွေပိုလိုလာပါတယ်။ အဲဒီ အတွက် ငွေပိုရှာဖို့ဆိုလျှင် လုပ်သင့် တာ၊ မလုပ်သင့်တာ မရွေးကြတော့ပဲ လုပ်လာကြတဲ့အတွက် အကျင့် ပျက်မှု (Corruption) ဘက်ကို ရောက်သွားတတ်ပါတယ်'' ဟု ရေးသားခဲ့ ပါတယ်။

ဂူးဂဲရဲ့ Browser အသစ် ခရုမ်း (Chrome) နှင့်အတူပါလာတဲ့ လိုက်နာရန်ခက်ခဲသော ''လျှို့ဝှက်ချက်မဖော်ထုတ်ရေး သဘောတူညီချက်''(Nondisclosure Agreement) က အခြေအနေကို ပိုမိုဆိုးဝါးစေ ခဲ့ပါတယ်။ ယင်းသဘောတူညီချက်ကို ဗယ်လီဝက်(ဂ်) အွန်လိုင်းဆိုက် (Valleywag Online Site) က ဖော်ပြခဲ့တာဖြစ်ပြီး ယင်းစာချုပ်အရ Chrome Browser ကို သုံးပြီး မိမိနှစ်သက်ရာလွှင့်ထုတ်တဲ့ မည်သည့် အကြောင်းအရာကိုမဆို ဂူးဂဲက ပြန်လည်အသုံးပြုခွင့်၊ မွမ်းမံပြင်ဆင် ခွင့်၊ ဘာသာပြန်ဆိုခွင့် စသည်တို့ကို အလိုအလျောက်ရရှိမှာ ဖြစ်ပါ တယ်။ ထို့ပြင် သုံးစွဲသူတို့က ထိုအခွင့်အရေးများပေးရခြင်းအတွက် မည်သည့်ခံစားခွင့်မျှ ရရှိမည်မဟုတ်ဘဲ၊ ၄င်းအခွင့်အရေးများကိုလည်း ပြန်လည်ရုပ်သိမ်းခွင့်မရှိဘဲ အစဉ်အမြဲ အသုံးပြုခွင့်ပေးရမည်ဟု သဘောတူညီချက်တွင် ပါရှိပါတယ်။

ယင်းဂူးဂဲရဲ့ ''လျှို့ဝှက်ချက်မဖော်ထုတ်ရေး'' သဘောတူညီချက် စာချုပ်ကို ဂူးဂဲရဲ့ စီမံခန့်ခွဲမှုအဖွဲ့က မသိလိုက်ဘဲ ဗယ်လီဝက်(ဂ်) ဆိုက်မှာ ဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဂူးဂဲက နောက်ဆုံးတော့ ယင်းသဘောတူညီချက်စာချုပ်ကို ရှင်းလင်းချက်နှင့်တကွ ပြန်လည် ရုပ်သိမ်းပေးခဲ့ရပါတယ်။ ဂူးဂဲရဲ့ ရှင်းလင်းချက်တွင်၊ ''ကျွန်ုပ်တို့ ထုတ် လုပ်ခဲ့တဲ့နည်းပညာတွေအတွက် အသုံးပြုတဲ့ဥပဒေဆိုင်ရာ အချက် အလက်များအတိုင်း ကျွန်ုပ်တို့၏ သုံးစွဲသူများအပေါ် ရိုးရှင်းစွာကျင့် သုံးခဲ့ခြင်းဖြစ်ပါတယ်'' လို့ ဖော်ပြခဲ့ပါတယ်။ ဂူးဂဲသို့ ဧည့်ပါမောက္ခ၊ ကထိကများ လာရောက်ဟောပြောဖို့ချရာတွင်လည်း အထက်ပါ သဘောတူညီချက်ဥပဒေကိုပဲ

အသုံးပြုခဲ့တာပါလို့ ပြောခဲ့ပါတယ်။

ဆန်ဖရန်စစ္စကိုက စိတ်ပညာရှင်သောမတ်လူဝစ် (Thomas Lewis) က ဂူးဂဲမှာလာပြီး ဟောပြောခွင့်ရဖို့ ကိုယ့်ရဲ့သုတေသနတွေ့ရှိ ချက်တွေကို အလကားလာပေးနေရသလို ခံစားရပါတယ်လို့ ထုတ်ဖော် ပြောဆိုခဲ့ဖူးပါတယ်။ သောမတ်က ယခုလို သူ့ခံစားချက်ကို ထုတ်ဖော် ပြောဆိုလာတဲ့အတွက် သူလာရောက်ဟောပြောတဲ့အခါ၊ မဟောပြော ခင် သူမူပိုင်လုပ်ချင်တဲ့အချက်များကို စာရင်းလုပ်ပေးဖို့ပြောပြီး၊ အဲဒီ အချက်တွေကို စာချုပ်မှာ အကျုံးမဝင်အောင် ဂူးဂဲက စီစဉ်ပေးခဲ့ရ ပါတယ်။ သောမတ်ရဲ့ဥပဒေအရာရှိက သောမတ်ကို ကမ္ဘာပေါ်မှာရှိရှိ သမျှအရာတွေအားလုံးနီးပါးပါအောင် စာရင်းထဲမှာထည့်ပြီးမှ ဟော ပြောပါလို့ ဟာသနှောပြီး အကြံပြုခဲ့ပါတယ်။ သောမတ်ကလည်း နောင် တွင် သူဟောပြောပို့ချမှုတွင် ပါဝင်သော အထင်ကရအချက်အလက်အား လုံးနီးပါးပါအောင် စာရင်းပြုစုပေးပြီး သူ့ဟောပြောပို့ချမှုကို စတင်ခဲ့ပါ တယ်။

စီနက် (CNET) အတွက် မက်အဆေး (Matt Asay) ရေးတဲ့ Open Road Blog အဆိုအရ ဂူးဂဲကုမ္ပဏီမှ ဂူးဂဲပက် (Google Pack) လို့ခေါ်တဲ့ အခမဲ့ (Download) လုပ်လို့ရတဲ့ အပလီကေးရှင်း (Applications) တချို့ရှိပါတယ်။ ၎င်းအစီအစဉ်မှာ ဂူးဂဲရဲ့ ဆော့ဖ်ဝဲနှင့် တတိယအဖွဲ့ရဲ့ ဆော့(ဖ်)ဝဲတွေကိုရော ထည့်ထားပါတယ်။ ခရုမ်းမတိုင် ခင်က ဂူးဂဲပက်(ခ်)မှာ Open Source Firefox Browser ကို ဂူးဂဲက Default Browser အဖြစ် ထည့်ထားပါတယ်။ ခရုမ်းပေါ်ပြီး နောက်မှာ လည်း ဖိုင်ယားဖောက်ကို အသုံးပြုရန် ရွေးချယ်ခွင့်ပေးထားပါတယ်။ သို့သော်လည်း ယခုတော့ ခရုမ်းက Default Choice ဖြစ်နေပါတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် ဂူးဂဲဟာ ယခင်က ဒီလုပ်ငန်းမှာ လက်ဝါး ကြီးအုပ်နေရာ ယူထားတဲ့ မိုက်ကရိုဆော့နှင့်ပိုတူလာပြီလို့ ပြောကြ ပါတယ်။ ထို့ပြင်လည်း ဂူးဂဲက တရုတ်ပြည်စျေးကွက်ကို ဝင်ရောက် ခဲ့တဲ့အတွက် ဝေဖန်မှုတွေ့ခဲ့ရပါတယ်။ တရုတ်စျေးကွက်ကို ဝင်လျှင် မိမိရဲ့ 'ဆာ့(ချ်)ရလဒ်' တွေကို တရုတ်ဥပဒေအရ

ဖြတ်တောက်ခွင့် ပေးခဲ့ရပါတယ်။ သတင်းဖြန့်ဝေမှုကို ဖြတ်တောက်ခြင်းအား ကန့်ကွက် တဲ့အနေနှင့် တရုတ်အင်တာနက် ဈေးကွက်ကို ဂူးဂဲက မဝင်သင့်ဘူးလို့ အခြားသူများက ထောက်ပြဝေဖန်ခဲ့ကြပါတယ်။

အခြားနည်းလမ်းတစ်ခုက တရုတ်ပြည်မှာ တရုတ်ဘာသာနှင့် ထုတ်တဲ့ ကမ်းလွန် 'ဆာ့ချ်အင်ဂျင်' (Offshore Search Engine) ထား ပြီး သတင်းဖြတ်တောက်မှု မလုပ်နိုင်အောင် စီမံလုပ်ဆောင်သင့်တယ် လို့ အချို့ကအကြံပြုကြပါတယ်။ သို့သော်လည်း အခြား ဝေဖန်ချက် တစ်ခုက ထိုကဲ့သို့လုပ်လျှင် တရုတ်အစိုးရအနေနှင့် သူတို့မကြိုက် တာတွေကို ဝင်ကြည့်လို့မရအောင် ဖြတ်တောက်ပစ်နိုင်တယ်လို့ ဆိုကြပါ တယ်။ ဂူးဂဲက တရုတ်ပြည်တွင်းမှာ အခြေပြုတဲ့ 'ဆာ့ချ်အင်ဂျင်' တစ်ခု အပြင် ကမ်းလွန်ဆာ့ချ်အင်ဂျင်တစ်ခုကိုလည်း ထားခဲ့ပါတယ်။

တရုတ်ပြည်ကို အင်တာနက်လုပ်ငန်း ဝင်ရောက်လုပ်ကိုင်ခြင်း အတွက် အကြောင်းပြချက် ကောင်းကောင်းတစ်ခု ဂူးဂဲရဲ့ အမှုဆောင် လူကြီးများမှာ ရှိနေခဲ့ပါတယ်။ အဲဒါကတော့ တရုတ်ဈေးကွက်ကို ဝင်ရောက်လုပ်ကိုင်ခြင်းအားဖြင့် တရုတ်ပြည်သူများကို သတင်းအချက် အလက်တွေ အတိုင်းအတာတစ်ခုထိ ပေးစွမ်းနိုင်မှာဖြစ်ပြီး လုံးဝမပေး နိုင်တာနှင့်စာလျှင် ဘယ်လောက်ပဲပေးနိုင်ပေးနိုင် ကောင်းပါတယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်။ တရုတ်ပြည်မှာ ဂူးဂဲမတိုင်ခင်ကတည်းက အခြား 'ဆာ့ချ်အင်ဂျင်' များက ဝင်ရောက်လုပ်ကိုင်နေခဲ့ပြီး ဖြစ်ပါတယ်။ သူတို့အားလုံးကလည်း သူတို့ရဲ့'ဆာ့ချ်ရလဒ်' ကို ကိုယ်ကိုယ်တိုင်ပဲဖြတ် တောက်ပြီးမှ ထုတ်လွှင့်ကြပါတယ်။ သူတို့က တရုတ်အစိုးရ မကြိုက်တဲ့ အချက်တွေ သိပြီးဖြစ်လို့ ကြိုတင်ဖြတ်တောက်ပြီးမှ ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီ 'ဆာ့ချ်အင်ဂျင်' တွေထဲမှာ တရုတ်ပြည်တွင်းမှာပဲထုတ်လုပ်တဲ့ ဘိုင်ဒူဆာ့(ချ်)အင်ဂျင် (Baidu Search Engine) လည်း ပါဝင်ပါတယ်။

ဂူးဂဲကတော့ သတင်းဖြန့်ချိရာတွင် လွတ်လပ်နိုင်သမျှ လွတ်

လုပ်ရန်အတွက် အစွမ်းကုန်ကြိုးစားခဲ့ကြပါတယ်။ အဲဒီ လိုမှမလုပ်လျှင် တရုတ်ပြည်စျေးကွက်ကို ဝင်ဖို့ ဆုံးဖြတ်ခဲ့တဲ့ ဆာဂျီကို ဝိုင်းပြီး ဝေဖန် ပြစ်တင်ကြမှာ ဖြစ်ပါတယ်။

လာရီနှင့်ဆာဂျီတို့ဟာလည်း အသက်ကြီးလာတာနှင့်အမျှ ကုမ္ပဏီအပေါ်မှာလည်း အမြင်ရင့်ကျက်မှုတွေ ရလာပါတယ်။ ဆွေးနွေး ညှိနှိုင်းတတ်လာပါတယ်။ ဂူးဂဲရဲ့စောစောပိုင်းအချိန်တွေတုန်းက သူတို့ စိတ်ကူးရရင်ရသလို အမြန်လုပ်တတ်တဲ့အကျင့်တွေလည်း တဖြည်းဖြည်း ပျော့ပျောင်းလာခဲ့ပါတယ်။ သူတို့ဟာ စီးပွားရေးအခက်အခဲတွေကို လည်း လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါတယ်။

သူတို့ရဲ့အောင်မြင်မှုမှာ ကံကောင်းတာလည်း ပါပါတယ်။ ဘေးကနေကြည့်လျှင်တော့ သူတို့ဟာ သိပ်မကြိုးစားလိုက်ရပဲ ဒီဘဝကို ရောက်ခဲ့တာလို့ မြင်ကြပါတယ်။ ဒါပေမဲ့ ကံတစ်ခုတည်းက စီးပွားရေး ကြီးတစ်ခုလုံးအောင်မြင်ဖို့ လိုအပ်တဲ့ပံ့ပိုးမှုမြေဩဇာတော့ မဖြစ်နိုင် ပါဘူး။ တည်ထောင်သူတို့ရဲ့လုပ်ငန်းအပေါ် ရူးသွပ်မှုနှင့်ဉာဏ်ရည် မြင့်မားမှုတို့က အောင်မြင်မှုရဲ့အဓိကသော့ချက် ဖြစ်ပါတယ်။

*